# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် ၂၀၂၃ ခုနှစ်၊ မေ ၉ ရက်၊ အင်္ဂါနေ့ အတွဲ (၆၂)၊ အမှတ်(၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်ကို ခေတ်မီစက်ယန္တရားများ အသုံးပြု၍ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်၏ သမိုင်းအကျဉ်းနှင့် ယခုအခါတွင် သဲနုန်းများ များပြားလာပြီး ကန်အဆင့်မြှင့်တင်ရန် လိုအပ်လာသည့်အတွက် ကန်တော်၏ အရှေ့ဘက်ခြမ်းတွင် သဲနုန်းများ တူးဖော်ရေး

*စာမျက်နှာ ၃ ကော်လံ ၁ ➡*

**ယနေ့** *ဖတ်စရာ*

**စစ်ကိုမရပ်ချင်သူသည်သာ စစ်ကိုအစပျိုးခဲ့သူဖြစ်သည်နှင့် ယနေ့ကမ္ဘာ့ပဋိပက္ခများ၏ တရားခံ** ဆောင်းပါး စာ ၈

**၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်များ၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ** ပြည်တွင်းသတင်း စာ ၁၀

**ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများ ယနေ့ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း မလေးရှားကို အနိုင်ကစားရမည်** ဆီးဂိမ်းအားကစားပြိုင်ပွဲ စာ ၁၄

**မသန်သော်လည်း စွမ်းဆောင်မှုဖြင့် နိုင်ငံ့ဂုဏ်ဆောင်နေကြသည့် မသန်စွမ်းအားကစားသမားများ** ဆောင်းပါး စာ ၁၆

## မုန်တိုင်းအန္တရာယ် သတိပေးချက်များ အထူးဂရုပြု လိုက်နာရှောင်ရှား

ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည်ဟု တွက်ချက်ခန့်မှန်းထားသည့် အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများအနက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များကို စတင်ဆောင်ရွက်လျက်ရှိသည်။ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာတွက်ချက်ခန့်မှန်းချက်များအတိုင်းပင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာပြီဖြစ်ရာ ဆက်လက်၍ မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ပြောင်းလဲဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားရပြီဖြစ်သည်။

မုန်တိုင်းဖြစ်ပေါ်လာသည်နှင့် ဒေသအလိုက် ရေ၊ မြေ အနေအထားပေါ်မူတည်၍ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များမှ ရှောင်ရှားနိုင်ရန် သတိပြုကြိုတင်ပြင်ဆင်ကြရတော့မည်ဖြစ်သည်။ အထူးသဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် မိုးလေဝသဖြစ်စဉ်များမှာလည်း မကြုံစဖူးထူးထူးကဲကဲများဖြစ်ပေါ်နေရာ လွန်ခဲ့သော ၁၅ နှစ်က နာဂစ်မုန်တိုင်းကို ပြန်လည်အမှတ်ရပြီး သင်ခန်းစာယူကြရန်လိုသည်။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့ နာဂစ်မုန်တိုင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းမှ ကုန်းတွင်းသို့ မဝင်ရောက်မီကပင် သဘာဝဘေးအန္တရာယ် သတိပေးချက်များကို မီဒီယာများမှတစ်ဆင့် သိရှိခဲ့ကြသော်လည်း ဒေသခံများက ၎င်းတို့တစ်သက်တာတွင် ကြုံခဲ့ဖူးသမျှ မုန်တိုင်းများကဲ့သို့ပင် အချိန်တန်လျှင် ပြီးသွားမှာပဲဟူ၍ သဘောထားခဲ့ကြကြောင်း၊ မုန်တိုင်းနှင့် တကယ်ရင်ဆိုင်ကြုံတွေ့ရချိန်တွင်မူ လွန်စွာကြောက်မက်ဖွယ်ကောင်းလောက်အောင် ငရဲခန်းတမျှ ဆိုးရွားလှကြောင်း ထိုစဉ်က စာနယ်ဇင်းများ၏ တွေ့ဆုံမေးမြန်းမှုများကို ဒေသခံများ၏ ကိုယ်တွေ့ဖြစ်ရပ်များ ဖြေကြားမှုများတွင် တွေ့နိုင်သည်။

မုန်တိုင်းသည် ကြိုတင်ခန့်မှန်းသိရှိနိုင်သည့် သဘာဝဘေးအန္တရာယ်ဖြစ်သည့်အလျောက် ကျရောက်မလာမီကပင် ကြိုတင်ပြင်ဆင်ရှောင်တိမ်းခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်သည်။ မုန်တိုင်းဘေး ကြုံနေကျပဲဟု သဘောထားကာ မရှောင်မတိမ်းဘဲ နေခဲ့ကြရာမှ ယခင်မုန်တိုင်းများထက် အဖျက်စွမ်းအား လွန်စွာကြီးမားသော ဧရာမမုန်တိုင်းကြီးနှင့် နဖူးတွေ့ဒူးတွေ့တွေ့ကာ လူဦးရေ သိန်းဂဏန်းနှင့်ချီ၍ အသက်ဆုံးရှုံးခဲ့ရသည်ကို သင်ခန်းစာယူကာ ဘေးအန္တရာယ်လုံခြုံသည့်နေရာများတွင် အန္တရာယ်ကင်းသည့်အချိန်အထိ တိမ်းရှောင်ခိုလှုံကြရမည်ဖြစ်သည်။

မုန်တိုင်းသတိပေးချက်ထွက်ပေါ်လာသည်နှင့် (၁) နိုင်ငံပိုင်မီဒီယာများနှင့် မိုး/ဇလမှ ထုတ်ပြန်ကြေညာသည့် မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာရန်၊ အခြားသူများကိုလည်း မျှဝေရန်နှင့် ကောလာဟလများကို မယုံရန်။ (၂) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိရန်။ (၃) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားရန်။ (၄) မြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ငယ်၊ ချောင်းငယ်များ ပေါများရာဒေသများတွင် မုန်တိုင်းဒီရေကို အထူးဂရုပြုရန်။ (၅) သက်ဆိုင်ရာ အစိုးရဌာန၊ ဒေသအာဏာပိုင်အဖွဲ့အစည်း စသည်တို့မှ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ခိုလှုံရန်ဟူသော အချက်များကို လိုက်ပါဆောင်ရွက်ကြခြင်းအားဖြင့် မုန်တိုင်းဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ကြစေရန် အလို့ငှာ အကြံပြုအကျိုးဆောင်လိုက်ရပါကြောင်း။ ။

## တရားမအထူးအယူခံမှု (၈) မှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၃) မှု ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဒေါ်သင်းသင်းနွဲ့ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၁၇/၂၀၂၂ (ရခိုင်)၊ ၁၈/၂၀၂၂ (ရခိုင်)၊ ၅၄/၂၀၂၂ (မကွေး)၊ ၅၅/၂၀၂၂ (မကွေး)၊ ၁၆/၂၀၂၁ (ပဲခူး)၊ ၂၇/၂၀၂၂ (ပဲခူး)၊ ၄၄/၂၀၂၂ (ကချင်) နှင့် ၅၆/၂၀၂၂ (ဧရာဝတီ) စုစုပေါင်း တရားမ အထူးအယူခံမှု (၈) မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၄၃/၂၀၂၀ (ရန်ကုန်)၊ ၃၃/၂၀၂၂ (မန္တလေး) နှင့် ၃၆/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု (၃)မှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၉ / ၂၀၂၃ )
၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
( ၂၀၂၃ ခုနှစ်၊ မေလ ၈ ရက် )

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်၊ အာခါဈေးလမ်း၊ အမှတ် (၂၈၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** ကို ၂၀၂၃ ခုနှစ်၊ မေလ ၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၁၄) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်

**နေပြည်တော် မေ ၈**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၂၄ ကျောင်းတို့တွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသော ဒေသများမှ အမျိုးသမီးငယ်များအား အဆင့်မြင့်စက်ချုပ်ပညာရပ်များ သင်ကြားတတ်မြောက်စေခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး မိသားစုအပိုဝင်ငွေ ရရှိနိုင်စေရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် အထည်ချုပ်စက်ရုံများတွင် ဝင်ရောက် လုပ်ကိုင်နိုင်ရေးနှင့် ကိုယ်ပိုင်စက်ချုပ်ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နိုင်စေရေး ရည်ရွယ်၍ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံ လက်ရက်ကန်းသင်တန်း၊ ဟိုတယ် ဝန်ဆောင်မှုဆိုင်ရာ သင်တန်းတို့ကို ယနေ့ နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့သည်။



ထိုသို့ ဖွင့်လှစ်ရာ၌ လွိုင်ကော်မြို့ သင်တန်းကျောင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဘားအံမြို့နှင့် မြိုင်ကြီးငူမြို့သင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပခုက္ကူမြို့ သင်တန်းကျောင်းတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် **(အပေါ်ပုံ)**မုဒုံမြို့ သင်တန်းကျောင်းတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ လပွတ္တာမြို့ သင်တန်းကျောင်းတွင် ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် လားရှိုးမြို့ သင်တန်းကျောင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးတို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများနှင့် ခရိုင်/ မြို့နယ်မှ တာဝန်ရှိသူများ တက်ရောက် ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းကျောင်း ၂၄ ကျောင်းတွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသူ ၇၅၀၊ ရိုးရာဂျပ်ခုတ်သင်တန်းသူ ၁၅ ဦး၊ အခြေခံလက်ရက်ကန်း သင်တန်းသူ ငါးဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသူ ၃၀၊ သင်တန်းသူစုစုပေါင်း ၈၀၀ တက်ရောက်၍ ၂၀၂၃ ခုနှစ် မေ ၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူစုစုပေါင်း ၉၅၀၂၂ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ရှင်းလင်းတင်ပြစဉ်။

❍ *ရှေ့ဖုံးမှ*

လုပ်ငန်းများကို ဆောင်ရွက်ခဲ့မှု၊ ကျွမ်းကျင် ပညာရှင်များဖြင့် တိုင်ပင်ဆွေးနွေးမှုများ ဆောင်ရွက်ပြီး ခေတ်မီစက်ယန္တရားများ အသုံးပြု၍ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်လျက်ရှိမှု၊ ကန်တော်တူးဖော်ရာတွင် ထွက်ရှိလာသည့် သဲနုန်းများအား စနစ်တကျဖြင့် ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကန်တော်အတွင်းရှိ မင်္ဂလာရှမ်းကန်ရေလယ်ဘုရားနှင့် ဘုရားကျောင်းဆောင်ကို အဆင့်မြှင့်တင် တည်ဆောက်နိုင်ရေး အတွက်လည်း စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

- ❊ **နိုင်ငံ၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို သာယာလှပမှုရှိစေရေး၊ လူနေမှုအဆင့်အတန်း မြင့်မားစေရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပျဉ်းမနားမြို့ကိုလည်း ယခင်ကထက် သာယာလှပပြီး အဆင့်မီသည့် မြို့တစ်မြို့ဖြစ်အောင် ဆောင်ရွက်ရမည်**
- ❊ **ကန်တော်များအတွင်း ရေများပြည့်နေစေရေးသာမက စိုက်ပျိုးရေများ ပြည့်ဝစွာရရှိရေးအတွက်ကိုလည်း စဉ်းစားဆောင်ရွက်ကြရမည်**
- ❊ **မိမိတို့၏ ပတ်ဝန်းကျင်၊ မိမိတို့၏ ဒေသ၊ မိမိတို့၏ မြို့သန့်ရှင်းသာယာလှပစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်းမှသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သာယာလှပမှုရှိလာစေရေး ကိုယ်စီကြိုးပမ်းဆောင်ရွက်သွားကြရမည်**

### စနစ်တကျဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကန်တော်မင်္ဂလာရှမ်းကန်သည် ပျဉ်းမနားမြို့၏ ကျက်သရေဆောင် ကန်တော်တစ်ခုဖြစ်ပြီး အမည်နာမနှင့် လိုက်ဖက်ညီအောင် မင်္ဂလာရှိသည့် ကန်တော်တစ်ခုဖြစ်ရမည်ဖြစ်ကြောင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ၌ လုပ်ငန်း ဆောင်ရွက်မှုအဆင့်အလိုက် စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို သာယာလှပမှုရှိစေရေး၊ လူနေမှု အဆင့်အတန်း မြင့်မားစေရေး ဆောင်ရွက်လျက် ရှိသကဲ့သို့ ပျဉ်းမနားမြို့ကိုလည်း ယခင်ကထက် သာယာလှပပြီး အဆင့်မီသည့် မြို့တစ်မြို့ဖြစ်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မြို့နေပြည်သူလူထုကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကန်အဆင့်မြှင့်တင် တူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီးပါကလည်း ရေပြန်လည်ဖြည့်တင်းသွားမည့် အစီအမံများကို ကြိုတင်ဆောင်ရွက်ထားရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေရရှိနိုင်မည့် နေရာများကိုလည်း သုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးတွင်းကာလတွင် ရရှိလာသည့် ရေများကို အဟောသိကံ မဖြစ်ရအောင်နှင့် အကျိုးရှိအောင် အသုံးချနိုင်ရေး စီမံဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ကန်တော်များအတွင်း ရေများပြည့်နေစေရေးသာမက စိုက်ပျိုးရေများ ပြည့်ဝစွာရရှိရေးအတွက်ကိုလည်း စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ပတ်ဝန်းကျင်၊ မိမိတို့၏ ဒေသ၊ မိမိတို့၏ မြို့သန့်ရှင်းသာယာလှပစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်းမှသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သာယာလှပမှုရှိလာစေရေး ကိုယ်စီကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း မှာကြားသည်။

### လိုက်လံကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်တူးဖော်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အဆင့်မြှင့်တင်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် ကန်တော်မင်္ဂလာရှမ်းကန် ပတ်လမ်းကိုလည်း လမ်းပခုံးများ စနစ်တကျရှိစေရေး၊ အများပြည်သူများ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်ရေး၊ စိတ်အေးချမ်းသာစွာဖြင့် လမ်းလျှောက်အနားယူခြင်းများ ပြုလုပ်နိုင်ရေးတို့ကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန် လိုကြောင်း၊ ကန်တော်အတွင်းရှိ ရှင်ဥပဂုတ္တကျောင်းဆောင်တော်ကို လည်း လမ်းပခုံး၏အထက်သို့ ရောက်ရှိသည်အထိ မြှင့်တင်ရန်နှင့် ပြန်လည်ဒီဇိုင်းရေးဆွဲ၍ ပြုပြင်သွားရန်လိုကြောင်း၊ ကန်၏ အလယ် လျှောက်လမ်းကိုလည်း လူအများ သွားလာနိုင်သည်အထိ တိုးချဲ့သွားရန်နှင့် ပြန်လည်အဆင့်မြှင့်တင်သွားရန် လိုကြောင်း၊ ကန်ပတ်လည်ရှိ ရေနုတ်မြောင်းများကိုလည်း ပြန်လည်ပြုပြင်သွားရန်လိုကြောင်း၊ လာမည့် ပွင့်လင်းရာသီများတွင် ကျောက်စီမြေထိန်းနံရံအထိ အဆင့်မြှင့်တင်နိုင်ရေး အတွက်လည်း ကြိုတင်စီမံသွားရန်လိုကြောင်း၊ သန့်ရှင်းသာယာလှပမှုရှိစေရေး အမြဲမပြတ်ဆောင်ရွက်ရန်နှင့် ကန်ပတ်လမ်းတစ်လျှောက် စိန်ပန်း၊ ပိတောက်၊ ခရေစသည့် သစ်ပင်ကြီးများ၊ ပန်းမန်များကို စိုက်ပျိုးကာ စိတ်ချမ်းမြေ့ဖွယ် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးရန်လိုကြောင်း၊ သစ်ပင်များ အလင်းဖွင့်ခြင်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၁၀၅) ကြိမ်မြောက် ဘက်စုံသားဖွား ဒီပလိုမာ (၂) နှစ် သင်တန်းသူများအား ဦးဆောင်းအပ်နှင်းပွဲကျင်းပ

**ပဲခူး မေ ၈**

(၁၀၅) ကြိမ်မြောက် ဘက်စုံသားဖွား ဒီပလိုမာ (၂) နှစ် သင်တန်းသူများ၏ ဦးဆောင်းအပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မေ ၈ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မိမိတို့တိုင်းဒေသကြီးအတွင်း သူနာပြုနှင့် သားဖွားနှီးနွှယ် သင်တန်းကျောင်းလေးခုရှိပြီး သူနာပြုနှင့်သားဖွား ဆရာ ဆရာမများကို နှစ်စဉ် မွေးထုတ်ပေးလျက်ရှိကာ ပြည်သူလူထုအတွက် ကျန်းမာရေးဝန်ဆောင်မှုများ ပေးနိုင်ရန် အစွမ်းကုန်ကြိုးပမ်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်တန်းသူများအနေဖြင့် ဘက်စုံထူးချွန်သော၊ ပြည်သူအားကိုးရသော သားဖွားဆရာမကောင်းများဖြစ်စေရန် ကြိုးစားနေထိုင်ကြစေလိုကြောင်း၊ သင်တန်းပြီးဆုံး၍ မိမိတို့တာဝန်ကျရာ ဒေသများရှိ မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေးမြှင့်တင်ပေးခြင်းနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ တာဝန်ဝတ္တရားများအပြင် ဝါသနာကို အရင်းပြုပြီး စေတနာထားကာ ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက (၂၀၂၁-၂၀၂၂) ပညာသင်နှစ် ဘက်စုံသားဖွား ဒီပလိုမာ (၂) နှစ်သင်တန်း ပထမနှစ် နှစ်ဆုံးစာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား လည်းကောင်း **(ယာပုံ)**၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးက (၂၀၂၂-၂၀၂၃) ပညာသင်နှစ် ဘက်စုံ သားဖွား ဒီပလိုမာ (၂) နှစ် သင်တန်း ပထမနှစ် PTS စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပဲခူးမြို့ သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ဌေးဌေးမွန်က ဦးဆောင်းအပ်နှင်းပွဲ ကျင်းပပြုလုပ်ရခြင်းအား ရှင်းလင်းပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်မိုးချယ်ရီအောင်နှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ဌေးဌေးမွန်တို့က သင်တန်းသူလေးများအား သူနာပြုဦးဆောင်းများ အပ်နှင်းပေးသည်။




ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာများ၊ သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၈

အာဆီယံ စီးပွားရေး အသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အစည်းဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်းကော်မတီ ၂၂ ခုမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။ **(ယာပုံ)**



### ချိတ်ဆက်ဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ စီးပွားရေး ပိုမိုကောင်းမွန်လာစေရေးအတွက် ကမ္ဘာ့စီးပွားရေး၊ ဒေသတွင်းစီးပွားရေးတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အေအီးစီ လုပ်ငန်းများအကောင်အထည်ဖော်မှုနှင့် ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်ရန် လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် အာဆီယံက ဦးစားပေး ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်း ခေါင်းစဉ် ၁၆ ခု နှင့်စပ်လျဉ်း၍ ယင်းလုပ်ငန်းများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးအတွက်ပါ ကိုဗစ်-၁၉ အလွန် ဈေးကွက်ပြန်လည်ချိတ်ဆက်နိုင်မည့် အရေးကြီးသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများလည်း ပါဝင်ကြောင်း၊ တချို့လုပ်ငန်းများသည် ကဏ္ဍအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်၍ အားလုံးပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အေအီးစီအနေဖြင့် ယခုနှစ်တွင် နှစ်အလိုက် အကောင်အထည်ဖော်ရန်အတွက်လည်း လုပ်ငန်း ၁၁၈ ခုကို ချမှတ်ထားကြောင်း။

### ဖွံ့ဖြိုးတိုးတက်မှု အရှိန်ပိုမိုရရှိ

မြန်မာနိုင်ငံက အေအီးစီ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အခြားအာဆီယံနိုင်ငံများနှင့်အတူ ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ အာဆီယံအနေဖြင့် တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံဒေသကို အကောင်အထည် ဖော်ရာတွင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍအလိုက် မိမိတို့နိုင်ငံအနေဖြင့် ဆောင်ရွက်နိုင်မှု အခြေအနေကို ပြန်လည်လေ့လာ၍ လက်ရှိနိုင်ငံ၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆောင်ရွက်သည့်လုပ်ငန်းများသည် လက်တွေ့ကျကျ အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရန် ကျန်ရှိသည့် လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည် ဖော်ခြင်းဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်ကိုလည်း ပိုမိုရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံ အဆင့်မြင့် စီးပွားရေးအရာရှိက ၂၀၂၂ ခုနှစ်အတွင်း အေအီးစီ လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှုနှင့် ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### အစီအစဉ်များကို တင်ပြ

ထို့နောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းကော်မတီအလိုက် ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြသည်။

ထိုသို့ တင်ပြရာတွင် လုပ်ငန်းကော်မတီများက မြန်မာနိုင်ငံနှင့် ကျန်အာဆီယံနိုင်ငံများ အကြား အခွန်နှစ်ထပ် မကျခံစေရေးအတွက် ဆောင်ရွက်မှုများ၊ ဒေသတွင်း အခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းများ ကျင့်သုံးနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်နှင့် သတ္တုဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ စားနပ်ရိက္ခာလုံခြုံရေးအတွက် ဒေသတွင်း ဆောင်ရွက်နေသည့် ပူးပေါင်းဆောင်ရွက်မှု၊ အကောင်အထည်ဖော်မှုနှင့် အပြန်အလှန် နားလည်မှု စာလွှာအရ အာဆီယံဒေသတွင်း ကျွမ်းကျင်လုပ်သားများ သွားလာလုပ်ကိုင်နိုင်ရေးကိစ္စများကိုလည်းကောင်း။

### ညှိနှိုင်းပူးပေါင်းဆောင်ရွက်

ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် ဖြေလျှော့မှုများအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်၊ ပုဂ္ဂလိကအခန်းကဏ္ဍ၊ ငွေရေးကြေးရေး ကဏ္ဍ၊ ဒစ်ဂျစ်တယ်နည်းပညာ၊ စားသုံးသူရေးရာ၊ ဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းစေရေး အစီအစဉ်၊ စာရင်းအင်း၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အခြေခံအဆောက်အဦဆိုင်ရာ လုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍဆိုင်ရာ စသည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားရန် ပြောကြားသည်။

### ပါဝင်ဆောင်ရွက်လျက်ရှိ

အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို မြန်မာနိုင်ငံအနေဖြင့် အေအီးစီလုပ်ငန်းများ အကောင်အထည်ဖော်မှုများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ ၂၂ ခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌများအဖြစ် ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်များက လည်းကောင်း၊ အတွင်းရေးမှူးများအဖြစ် ညွှန်ကြားရေးမှူးချုပ်များက လည်းကောင်း၊ သက်ဆိုင်ရာဌာနများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

# လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၂၃)သင်တန်းဖွင့်

နေပြည်တော် မေ ၈

**လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးမွမ်းမံ သင်တန်း အမှတ်စဉ်(၂/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။** (ယာပုံ)





သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယခုသင်တန်းတွင် စစ်ဆေးရေးလုပ်ငန်းများ၌ အဓိကကျသည့် စစ်ဆေးရေးနည်းလမ်း၊ စစ်ဆေးရေးစံများ၊ အသုံးပြုပုံစံများနှင့်အညီ လက်တွေ့စစ်ဆေးနိုင်ရေး လေ့ကျင့်သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများသည် အဖွဲ့ဖြင့်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်၍ ဦးဆောင်မှု၊ လိုက်ပါဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များကိုလည်း ပို့ချသွားမည်ဖြစ်ကြောင်း၊ စာရင်းစစ်ဝန်ထမ်းများသည် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေကို ကြီးကြပ်ထိန်းကျောင်းပေးရာတွင် အဓိက တာဝန်ရှိသည့် ဝန်ထမ်းများဖြစ်သည့်အတွက် အဂတိတရားလေးပါး ကင်းရှင်းပြီး ကျင့်ဝတ်သိက္ခာစောင့်ထိန်းလိုက်နာသူများဖြစ်စေရန်နှင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို တန်ဖိုးထားပြီး ရုံး၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့် အရည်အချင်း ပြည့်ဝသော ဝန်ထမ်းကောင်းများဖြစ်စေရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်သင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ဒေသစာရင်းစစ်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူး ၄၁ ဦးနှင့် ဦးစီးအရာရှိ ၁၄၇ ဦး စုစုပေါင်း ၁၈၈ ဦးတို့ကို နေပြည်တော် သင်တန်းကျောင်းနှင့် ရန်ကုန်သင်တန်းကျောင်းတို့တွင် တစ်ပြိုင်တည်း မေ ၈ ရက်မှ ၃၁ ရက်အထိ ဘာသာရပ် ခြောက်ခုဖြင့် ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမမှလည်းကောင်း၊ ရန်ကုန်သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက Online ဖြင့်လည်းကောင်း တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

## ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) တွင် တာဝန်ယူဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) တွင် တာဝန်ယူဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရုံးအမှတ် (၃၅) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖိ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် မေလအတွင်းကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဖျော်ဖြေရေးလုပ်ငန်းများ၊ စာတမ်းဖတ်ပွဲများ၊ ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်သဖြင့် သာသနာရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များနှင့် ယဉ်ကျေးမှုနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို အများပြည်သူများ သိရှိနိုင်စေရေးအတွက် တာဝန်ယူ ဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် တာဝန်ရှိသူအသီးသီးက ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ တာဝန်ယူဆောင်ရွက်မည့်ကိစ္စများကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**အနုပညာပစ္စည်းများ ပြည့်စုံစေရန်လိုအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အနေဖြင့် မိမိတို့ဌာနအနေဖြင့် ဖျော်ဖြေရေးလုပ်ငန်းများ၊ စာတမ်းဖတ်ပွဲများ၊ ပြသရမည့် ပြခန်းများနှင့် ပတ်သက်၍ ကျစ်ကျစ်လျစ်လျစ် စုစုစည်းစည်းဖြင့် အနုပညာပစ္စည်းများ ပြည့်စုံစေရန်လည်း အဓိကလိုအပ်ပါကြောင်းနှင့် တာဝန်ထမ်းဆောင်ရာ၌ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မုန်တိုင်းဘေးဒဏ်ခံစားရနိုင်သည့်ပြည်သူများအတွက် ထိုင်းနိုင်ငံရောက် မြန်မာများက ခေါက်ဆွဲခြောက်များ လှူဒါန်းခြင်းနှင့် မုန်တိုင်းဘေး အရေးပေါ်တုံ့ပြန်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန ဖွင့်လှစ်

နေပြည်တော် မေ ၈

**ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်းအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်နိုင်သည့် အခြေအနေရှိနေသဖြင့် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မုန်တိုင်းဘေးအရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။**




ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ မုန်တိုင်းဖြတ်သန်း ဝင်ရောက်ပါက ဘေးဒဏ်ခံစားရနိုင်သည့် ပြည်သူများအတွက် အရေးပေါ်ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မြန်မာသံရုံး၏ စည်းရုံးဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများက စုပေါင်းလှူဒါန်းသော ထိုင်းဘတ်ငွေ ၁၀၇၇၂၆၃ တန်ဖိုးရှိ အသင့်စားခေါက်ဆွဲခြောက်ထုပ် ၁၅၈၆၄၀ လှူဒါန်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre-DMC)**၌ ကျင်းပသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထောက်ပံ့ လှူဒါန်းသည့် ခေါက်ဆွဲခြောက်များသည် ယနေ့ မွန်းလွဲ ၂ နာရီခန့်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးတို့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကာ နေပြည်တော်တွင် ပြုလုပ်သည့် အခမ်းအနား၌ ထိုင်းနိုင်ငံရောက် မြန်မာများကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်လှူဒါန်းခဲ့ပြီး **(အပေါ်ပုံ)** ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ ခေါက်ဆွဲခြောက်များကို ရခိုင်ပြည်နယ်သို့ အထုပ် ၃၀၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးသို့ အထုပ် ၃၀၀၀၀ တို့ကို ကြိုတင်ဖြန့်ခွဲ ပေးပို့သွားမည်ဖြစ်ပြီး ကျန်ခေါက်ဆွဲထုပ်များကို ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဗဟိုသိုလှောင်ရုံ၌ အရန်သင့် သိုလှောင်ထားရှိပြီး လိုအပ်သည့်နေရာများသို့ ဆက်လက်ပို့ဆောင်သွားမည် ဖြစ်သည်။

ဆက်လက်၍ ယနေ့ မွန်းလွဲ ၃ နာရီတွင် စတင်ဖွင့်လှစ်ခဲ့သည့် **သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)** ၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ အရေးပေါ်တုံ့ပြန်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနမှ စီမံခန့်ခွဲဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

**အမြန်ဆုံးစီမံဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းချက်များအရ လေဖိအားနည်းရပ်ဝန်းမှ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာနိုင်သည့် မုန်တိုင်းဘေးနှင့် စပ်လျဉ်း၍ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဦးဆောင်၍ အရေးပေါ် အစည်းအဝေးကို မေ ၆ ရက်တွင် ခေါ်ယူကျင်းပခဲ့ပြီး အရေးပေါ် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ချမှတ်ခဲ့ပါကြောင်း၊ ထို့အပြင် တည်မြဲအမိန့် (၂၀၂၂) တွင်လည်း အရေးပေါ်အချိန်ဆောင်ရွက်ရမည့် လုပ်ငန်းများ ပါရှိပြီး ဖြစ်ပါကြောင်း၊ အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲ ဆောင်ရွက်နိုင်ရန်အတွက် DMC ဖွင့်လှစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ DMC တွင် အဖွဲ့ခေါင်းဆောင်အဖြစ် အမျိုးသားကော်မတီ အတွင်းရေးမှူးဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယအဖွဲ့ခေါင်းဆောင် အဖြစ် လုံခြုံရေး လုပ်ငန်းကော်မတီမှ လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း ဆောင်ရွက်ရန် အဆိုပြုလိုကြောင်း၊ DMC ကို (၂၄)နာရီ ဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ပြီး နေ့စဉ် ညနေ ၃ နာရီတွင် အစည်းအဝေးပြုလုပ်ပြီး လိုအပ်သည်များ အမြန်ဆုံး စီမံဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် DMC ရုံးအဖွဲ့ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက DMC ဖွင့်လှစ်မှုနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လုပ်ငန်းကော်မတီ အသီးသီးမှ ကိုယ်စားလှယ်များက ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများ၊ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

**ယနေ့မှ စတင်ဖွင့်လှစ်**

**သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန**ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးစီး၍ ယနေ့မှ စတင်ကာ ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပြီး အမျိုးသားကော်မတီလက်အောက်ရှိ လုပ်ငန်းကော်မတီ ၁၂ ခုမှ အတွင်းရေးမှူးများ၊ ကာကွယ်ရေးဝန်ကြီး ဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး( ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများ စုပေါင်းတာဝန်ထမ်းဆောင်၍ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။

# သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရွက်ထားသည့်အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၈

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရွက်ထားသည့် အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရဲရွာခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းတို့မှ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများနှင့် တည်ဆောက်ရေး ညွှန်ကြားရေးမှူးများက သက်ဆိုင်ရာဒေသမှနေ၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

## ကြိုတင်ဖြန့်ခွဲထားရှိရန်လို

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မကြာမီရက်ပိုင်းအတွင်း ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာမည့် လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပြောင်းလဲကာ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်ဝင်ရောက်လာနိုင်သည့် သတိပေးချက်များရှိသည့်အတွက် ယခုအစည်းအဝေးကို ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း မုန်တိုင်းတိုက်ခတ်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ရုံး၊ ဌာနများ၊ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ၊ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများတွင် တတ်နိုင်သမျှ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်နှင့် ဘေးအန္တရာယ် ကျရောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် လုံလောက်သော အင်အားများကို ရုံးချုပ်မှ ဦးဆောင်သူများဦးဆောင်၍ ဖွဲ့စည်းထားရန်နှင့် ယာဉ်၊ ယန္တရားပစ္စည်းများကို စီမံချက်ပါအတိုင်း ကြိုတင်ဖြန့်ခွဲထားရှိရန် လိုအပ်ပါကြောင်း။

ထို့ပြင် အရေးကြီးသောနေရာများဖြစ်သည့် ကွပ်ကဲမှုရုံး၊ ဆေးရုံ၊ အုပ်ချုပ်မှု အဆောက်အအုံဖြစ်သည့် ကယ်ဆယ်ရေးစခန်းနေရာများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု မရှိစေရေး အရန်မီးစက်များကို ကြိုတင်ဖြန့်ခွဲထားရှိရန် လိုအပ်ပါကြောင်း၊ သဘာဝဘေး ကျရောက်နေချိန်များတွင်လည်း လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေး ဓာတ်အားဖွင့်/ပိတ်စနစ်များကိုလည်း စနစ်တကျထိန်းချုပ်ထားရန် လိုအပ်ပါကြောင်း၊ ဆက်သွယ်မှုစနစ် ပြတ်တောက်သွားမှုမရှိစေရန် အရေးပေါ်ဆက်သွယ်မှုစနစ်များကို ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်းနှင့် ဆောင်ရွက်ထားရှိသည့် အစီအမံများအတိုင်း ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ တည်ဆောက်ဆဲ စီမံကိန်းများဖြစ်သော သံတွဲဒေသရှိ သူငွေချောင်း ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်းတွင် တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲဖြစ်သော စီမံကိန်းဆိုင်ရာ အဆောက်အအုံများနှင့် တမံများကို သဘာဝဘေးကြောင့် ထိခိုက်သက်ရောက်မှုမရှိစေရေး ကြိုတင်ကာကွယ် ဆောင်ရွက်သွားရန်နှင့် ထုတ်လုပ်ဆဲဖြစ်သော ကျောက်ဖြူဒေသရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ ကိုကိုးကျွန်းနှင့် မာန်အောင်ကျွန်းရှိ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ၊ မင်းဘူးနှင့် စေတုတ္တရာဒေသရှိ ကြီးအုံကြီးဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကိုလည်း ထိခိုက်ပျက်စီးမှုမရှိစေရေး ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းတို့မှ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာများက မိမိတို့ဌာန၊ နယ်မြေဒေသအလိုက် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက သုံးသပ်ဆွေးနွေးတင်ပြခဲ့ကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများပြုလုပ်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

နေပြည်တော် မေ ၈



တိုင်းဒေသကြီးနှင့် ပြည်နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌လည်းကောင်း၊ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌လည်းကောင်း အသီးသီး ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သဘာဝဘေးအန္တရာယ်ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းမှူးနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သဘာဝ ဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပါက ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများအတွက် ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အားကစားကွင်း၌ နယ်မြေခံ တပ်မတော်သားများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြန်လည် ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်း တာဝန်များအား ဇာတ်တိုက် လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြရာ ယင်းသို့ ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်နေမှုများကို အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မုန်တိုင်းဘေးနှင့် သဘာဝဘေးအပေါ် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရေး ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသင့်စုဖွဲ့ထားရှိ

ပြည် မေ ၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်း မုန်တိုင်းဘေးအန္တရာယ်နှင့် သဘာဝဘေးများ ကျရောက်လာပါက ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနနယ်မြေခန်းများ၌ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများ အသင့်ကြိုတင်ပြင်ဆင်စုဖွဲ့ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထိုသို့အသင့်စုဖွဲ့ ဆောင်ရွက်ထားရှိမှုအခြေအနေကို ယမန်နေ့ နံနက်ပိုင်းတွင် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများအဖွဲ့က လာရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှူးရုံးမှ သိရသည်။ (အောက်ပုံ)

ကိုဆက်(ပြန်/ဆက်)



# နမ္မတူမြို့နယ်၌ ဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များ စုဖွဲ့ထားရှိ

နမ္မတူ မေ ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မေ ၇ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နမ္မတူမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝဏ္ဏထွန်းအေး ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိခြင်း၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးပစ္စည်း အသုံးပြုပုံနှင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစဉ်များအား သရုပ်ပြလေ့ကျင့်ခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စုဖွဲ့ထားရှိကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးထံက သိရသည်။

လူမော်(ပြန်/ဆက်)

# (၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

**နေပြည်တော်  မေ ၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၅)ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ မေ ၂၃ ရက် (အင်္ဂါနေ့)၊ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

**သံဃာတော် ၁၈၄ ပါးအား ချီးကျူးပူဇော်မည်**

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပဉ္စင်းသံဃာ ၃၂ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော မူလအဘိဓမ္မိက ၄ ပါး၊ ဒီဃနိကာယကောဝိဒ ၃ ပါး၊ ဒီဃဘာဏက ၈ ပါး၊ ဝိနယ ကောဝိဒ ၈ ပါး၊ ဝိနယဓရ ၃၇ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၇ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၈၅ ပါး၊ စာအောင်သံဃာ ၁၅၂ ပါး စုစုပေါင်း သံဃာတော် ၁၈၄ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ညွှန်ကြားရေးမှူး၊ စာမေးပွဲဌာနခွဲ၊ သာသနာရေးဦးစီးဌာန၊ ဖုန်း-၀၉-၈၈၀၅၆၀၇၉၀၊ ၀၁-၆၆၄၅၇၈ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ကြက်ခြေနီလုပ်ငန်းများတွင် မျိုးဆက်သစ်လူငယ်များ ပိုမိုပါဝင်လာအောင် စည်းရုံးဆောင်ရွက်ကြရမည်

**နေပြည်တော်  မေ ၈**

၂၀၂၃ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(ဘီ)ရုံ၌ ကျင်းပသည်။




အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာ အေးထွန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ စစ်ရေးချုပ်ရုံးတွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှမြင့်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေးနှင့် အချိန်ပြည့်၊ အချိန်ပိုင်း အလုပ်အမှုဆောင်များ၊ ကြက်ခြေနီဗဟိုကောင်စီဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းတို့မှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အမျိုးသားကြက်ခြေနီအသင်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များ တက်ရောက်သည်။

**စေတနာလုပ်အားရှင်များကို ဂုဏ်ပြု**

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း က နိုင်ငံတကာကြက်ခြေနီကော်မတီ(ICRC)ကို စတင်တည်ထောင်သူ ဟင်နရီဒူးနန့် မွေးဖွားခဲ့သည့် မေ ၈ ရက်ကို ဂုဏ်ပြုပြီး ကမ္ဘာ့ကြက်ခြေနီနေ့များကို ၁၉၄၈ ခုနှစ် မေ ၈ ရက်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်စဉ်ကမ္ဘာ့ကြက်ခြေနီနေ့တွင် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် မွန်မြတ်လှသည့် ကြက်ခြေနီလူမှုကရုဏာလှုပ်ရှားမှုများနှင့် အဆိုပါလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ကြသည့် စေတနာလုပ်အားရှင်များကို ဂုဏ်ပြုခြင်းဖြစ်ကြောင်း။

ယခုနှစ်အတွက် ကမ္ဘာ့ကြက်ခြေနီနေ့ဆောင်ပုဒ်မှာ “Everything we do comes #from the heart” ‘‘နှလုံးသားဖြင့်ကူညီ တို့ကြက်ခြေနီ’’ ဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးရှိ စေတနာလုပ်အားရှင်များ၏ စစ်မှန်သည့် မေတ္တာတရားနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ကရုဏာတရားရှေ့ထား၍ ကူညီဖေးမဆောင်ရွက်မှုများကို အားပေးချီးမြှောက် ဂုဏ်ပြုလိုခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်း စေတနာလုပ်အားရှင်ပေါင်း ၁၅ သန်းခန့်သည်လည်း ကြက်ခြေနီလှုပ်ရှားမှုကွန်ရက်များမှတစ်ဆင့် လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏အရေးကြီးသည့် ပုံရိပ်တစ်ခုဖြစ်သည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် သမိုင်းကြောင်းအစဉ်အလာကြီးမားသော အသင်းကြီးတစ်သင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက် ရင်ဆိုင်ဖြတ်သန်းခဲ့ရသော သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေဘေး၊ မီးဘေး၊ လေမုန်တိုင်းဘေး၊ ငလျင်ဘေး စသည့်ဘေးဒုက္ခအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် အခါတိုင်း နိုင်ငံတော်၏ အရန်အင်အားအဖြစ် လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ အဆင့်အတန်းမခွဲခြားဘဲ မိဘပြည်သူတစ်ရပ်လုံးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကယ်တင်ကူညီစောင့်ရှောက်ခဲ့သည့် အသင်းကြီးဖြစ်ကြောင်း။

**စွမ်းစွမ်းတမံ ပူးပေါင်းကူညီ**

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ထင်ရှားသည့် ဆောင်ရွက်ချက်များအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် အခြားသော အရေးပေါ်ကိစ္စရပ်များတွင် အမျိုးသားအဆင့် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးလုပ်ငန်းများနှင့် ရောဂါဘယ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ဖြစ်ပွားရာတွင်လည်း ကြက်ခြေနီတပ်ဖွဲ့ဝင်များက စွမ်းစွမ်းတမံ ပူးပေါင်းကူညီဆောင်ရွက်ခြင်း၊ ပြည်သူလူထုအတွက် ကျန်းမာရေး၊ လူမှုကာကွယ်ရေးနှင့်သက်ဆိုင်သော အသိပညာပေးလုပ်ငန်းများတွင် ကျေးလက်ဒေသ အောက်ခြေအထိ ပါဝင်ကူညီဆောင်ရွက်ခြင်း၊ နိုင်ငံတကာကြက်ခြေနီအဖွဲ့အစည်းများ၊ AHA Center ကဲ့သို့သော အဖွဲ့အစည်းများ၊ အခြားသော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း၍ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိစေမည့် လှူဒါန်းမှု၊ အကူအညီပေးမှုများဖြစ်စေရန် စီမံဆောင်ရွက်ခြင်း၊ ပြည်သူလူထုအတွင်း လူမှုကရုဏာ စေတနာရှင်/ လုပ်အားရှင်စိတ်ဓာတ်များ တိုးတက်ထွန်းကားလာစေရေးနှင့် အသိပညာပြန့်ပွားရေးတို့ကို ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။

ယနေ့ခေတ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အမျိုးသားကြက်ခြေနီ / လခြမ်းနီအသင်းများနှင့် ရင်ပေါင်တန်းလုပ်ဆောင်နိုင်ရန်အတွက် မျိုးဆက်သစ် လူငယ်များ၏အားကို မဖြစ်မနေရယူရမည်ဖြစ်ပြီး ကြက်ခြေနီလုပ်ငန်းများတွင် မျိုးဆက်သစ်လူငယ်များ ပိုမိုပါဝင်လာအောင် စည်းရုံးဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများတွင် ကြက်ခြေနီစိတ်ဓာတ်မြင့်မားစေရေး ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးအနေဖြင့် စံပြကြက်ခြေနီစခန်းများ ဖွင့်လှစ်ဂုဏ်ပြုသည့် အစီအစဉ်ကို ၁၉၇၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး စံပြကြက်ခြေနီစခန်း (၁၇)ကြိမ်၊ စံပြကြက်ခြေနီတပ်ဖွဲ့ဝင် မောင်မယ်ပေါင်း ၃၃၇၉ဦး ရှိခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ထူးချွန်ကြက်ခြေနီစခန်း (၂၁) ကြိမ်၊ ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်မောင်မယ် ၃၂၃၇ ဦး ရှိခဲ့ကြောင်း၊ ယခုကြက်ခြေနီညီလာခံသက်တမ်းတွင် ထူးချွန်ကြက်ခြေနီများ ရွေးချယ်ခြင်း၊ စခန်းဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ရန် စီစဉ်ထားရှိသည်ကို သိရှိရ၍ ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း။

နိုင်ငံတော်အနေဖြင့် ထူးချွန်စွာဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဝင်များကို အသိအမှတ်ပြု ချီးမြှင့်လျက်ရှိရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြစ်ကြီးနားမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ တပ်ကြပ်ကြီး စိုင်းအောင်လှိုင်မြင့် (ဟင်နရီဒူးနန့်ဆုရှင်)က ဝဏ္ဏကျော်ထင်ဘွဲ့ကို ရရှိခဲ့ကြောင်း၊ ထို့ပြင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အသင်းဝင်များအနေဖြင့် နိုင်ငံတော်မှချီးမြှင့်သည့် လူမှုထူးချွန်တံဆိပ်များကို ၎င်းတို့သွေးလှူဒါန်းသည့် အကြိမ်များအလိုက် ရရှိကြရာ သွေးလှူရှင်များအတွက် လူမှုထူးချွန်ဆု(ပထမအဆင့်)ကို ကချင်ပြည်နယ်မှ ကြက်ခြေနီအသင်းဝင် နှစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ကြက်ခြေနီအသင်းဝင်တစ်ဦးတို့က ၂၀၂၃ ခုနှစ်တွင် ရရှိခဲ့ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး၏ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် လိုအပ်သည့်ပံ့ပိုးကူညီမှုများကို ထောက်ပံ့ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Christine Khoury တို့က ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ဂုဏ်ပြုစကားများ ပြောကြားပြီး ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် နေပြည်တော် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက ရှေးဦးပြုစုခြင်းဆိုင်ရာ သရုပ်ပြသကြပြီး ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက ထမ်းစင်ဖြင့် လူနာသယ်ဆောင်ခြင်းကို သရုပ်ပြသကြသည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် ၂၀၂၃ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း **(အပေါ်ဝဲပုံ)** နှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)တို့က လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းတို့က လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ရှေးဦးပြုစုခြင်းနှင့် ထမ်းစင်ဖြင့် လူနာသယ်ဆောင်ခြင်း သရုပ်ပြသခဲ့သော ကြက်ခြေနီစေတနာလုပ်အားရှင်များအား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှမြင့်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွန့်တို့က ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့တွင် အသက်(၆၅)နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်နယ်/တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များကိုယ်စား မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ တိုင်းကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ကျော်အား မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပြီး ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုသည်။

ကမ္ဘာ့ကြက်ခြေနီနေ့များကို ၁၉၄၈ ခုနှစ်မှ စတင်ကာ နှစ်စဉ် မေ ၈ ရက်တွင် ကမ္ဘာတစ်ဝန်း၌ ကျင်းပခဲ့ရာ ယခုနှစ်တွင် (၇၅)နှစ် စိန်ရတုနှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ဖြစ်ရပ်မှန်ကမ္ဘာ့မြင်ကွင်းများကြား၊ ရယူအပ်ရာ သင်ခန်းစာများ

# စစ်ကိုမရပ်ချင်သူသည်သာ စစ်ကိုအစပျိုးခဲ့သူဖြစ်သည်နှင့် ယနေ့ကမ္ဘာ့ပဋိပက္ခများ၏ တရားခံ

မိုးမြင့်

ယနေ့ကမ္ဘာကြီးကို ထိပ်တိုက်ရန်စောင်မှုများနဲ့အတူ စစ်မီးလျှံထဲ တွန်းပို့နေတာ ဘယ်သူဖြစ်မလဲဟူ၍ မေးခွန်းထုတ်ဖြစ်ခဲ့ရင် အဖြေက အမေရိကန်နိုင်ငံရေး ခေါင်းဆောင်တွေကိုပဲ ပြေးမြင်မိတယ်။

ယူကရိန်း – ရုရှား ပဋိပက္ခနဲ့အတူ ယနေ့ ကမ္ဘာ့ပဋိပက္ခပေါင်းစုံရဲ့ တရားခံအစစ်ကို မြင်အောင်ကြည့်သင့်ပါတယ်။ သမိုင်းမှာ အမေရိကန်နဲ့ အနောက်အုပ်စုဟာ ရုရှားကို အချိန်ပြည့် ရန်လိုခဲ့ကြတယ်။ ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက် ပူးပေါင်း အလုပ်လုပ်ကြရမယ့်အစား ရုရှားကို အမြဲဆန့်ကျင်ခဲ့ကြတယ်။ ယူကရိန်းသမ္မတ ဇာလန်စကီးကိုယ်တိုင် နှစ်ပေါင်းများစွာ သူ့ပြည်သူနဲ့ အထူးသဖြင့် ယူကရိန်းလူငယ်တွေကို ရုရှားလူမျိုးတွေအပေါ် မုန်းတီးနေအောင် စိတ်ခတ်ရေးရာအရ ဝါဒဖြန့်ရိုက်သွင်းထားခဲ့ကြတယ်။ အတိတ်က ညီအစ်ကိုတွေလိုနေခဲ့ကြတဲ့ ရုရှားတွေကိုဆန့်ကျင်ပြီး အနောက်အုပ်စုအလိုကျ ရုရှားဆန့်ကျင်ရေးစာပေတွေကို ယူကရိန်းကျောင်းတွေမှာ သင်ကြားပို့ချခဲ့ကြတဲ့ အထောက်အထားများစွာ ရှိပါတယ်။

## ရောဘတ်အက်ဖ်ကနေဒီဂျူနီယာရဲ့ မှတ်ချက်စကားအရ

အထက်ပါအချက်တွေကို ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မယ့် ဒီမိုကရက်တစ်ကိုယ်စားလှယ်လောင်း တစ်ဦးဖြစ်တဲ့ ရောဘတ်အက်ဖ်ကနေဒီ ဂျူနီယာရဲ့ မှတ်ချက်စကားကို ကိုးကားပြီး ပြောလို့ရပါတယ်။ သူ့အနေနဲ့ လက်ရှိသမ္မတ ဘိုင်ဒင်နဲ့ အစိုးရအဆက်ဆက်ကို ကိုလိုနီလက်သစ်ဝါဒီတွေအဖြစ် ဝေဖန်ခဲ့ပါတယ်။ လက်ရှိ ယူကရိန်းသမ္မတ ရုရှားမုန်းတီးရေးဝါဒီ ဇာလန်စကီးအနေနဲ့ ရုရှားနဲ့ဖြစ်မယ့်စစ်ပွဲကို "I will not join NATO" လို့ စကားလုံး ငါးလုံးသာ ပြောပြီး ရှောင်ရှားလို့ရတဲ့ အခြေအနေရှိခဲ့ပါတယ်။ ဒါပေမယ့် သူ့အနေနဲ့ ဒီလိုမလုပ်ခဲ့ဘူးလို့ ကနေဒီက ဆိုပါတယ်။ အိမ်ဖြူတော်က ကိုလိုနီလက်သစ်တွေရဲ့ ဖိအားကို လွန်ဆန်ရမဲ့အစား ရုရှားကို ပစ်မှတ်ထားတဲ့ အေဂျစ်အမျိုးအစား နျူကလီးယားဒုံးကျည်တွေကို မိုင်ပေါင်း ၁၂၀၀ ခန့်အထိ ကပ်နေတဲ့ ရုရှားနယ်စပ်မှာ ချထားဖို့ ကြိုးစားခဲ့ပါတယ်။

ဒီအချက်ဟာ ရုရှားအစိုးရက အကြိမ်ကြိမ် သတိပေးထားတဲ့ ကျော်ဖြတ်ဖို့မသင့်တဲ့ သတ်မှတ်ချက် red line တစ်ခုပါ။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အပြန်အလှန်လေးစားမှုနဲ့ နားလည်မှုရှိသင့်တဲ့ သတ်မှတ်စည်းတစ်ခုပါပဲ။ ကနေဒီဂျူနီယာဟာ လက်ရှိ အိမ်ဖြူတော်အသိုင်းအဝိုင်းကို ဖက်ဆစ်များလို့ သမုတ်ခဲ့ပြီး သူတို့ဟာ ယူကရိန်းစစ်အပါအဝင် လက်ရှိနိုင်ငံတကာရေးရာတွေမှာ အမှားများစွာ ကျူးလွန်ခဲ့ကြတယ်လို့ ဝေဖန်ခဲ့ပါတယ်။

မှန်လည်းမှန်ပါတယ်။ ယနေ့ အိမ်ဖြူတော်ရှိ neocolonialism တွေရဲ့ မဆင်မခြင် ပြုမူမှုတွေကြောင့် အချိန်မရွေး နျူစစ်ပွဲအောက်ရောက်နေတဲ့ ကမ္ဘာကြီး၊ အကျပ်အတည်းမျိုးစုံနဲ့ ဆိုးရွားလာနေတဲ့ ကမ္ဘာ့ပြည်သူတွေရဲ့ အဖြစ်များဟာ အလွန်ကိုမဖြစ်သင့်တဲ့ အရာများပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလိုလားသူ ဘယ်နိုင်ငံ၊ ဘယ်ခေါင်းဆောင်မဆို အလေးအနက်ထား စဉ်းစားဆင်ခြင်ရမယ့် အရာများဖြစ်ပါတယ်။

ကမ္ဘာ့ပြည်သူတွေရဲ့ငြိမ်းချမ်းရေးကို အဓိကခြိမ်းခြောက်နေတဲ့ ယူကရိန်းပဋိပက္ခကို အမြန်ဖြေရှင်းရမယ့်အစား



ရုရှား–ယူကရိန်း ပြည်တွင်းစစ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။

**“စစ်ဆိုတာ မကောင်းမှန်းသိသော်လည်း ဒီမိုကရေစီအကြောင်းပြပြီး သွေးချောင်းစီးစစ်ပွဲတွေကို ဖန်တီးနေကြဆဲဖြစ်ပါတယ်။ ဒီမိုကရေစီမရှိလို့ဆိုပြီး ပြည်တွင်းစစ်တွေ ဖန်တီး၊ သွေးကွဲအောင် သွေးခွဲ၊ ရန်တိုက်ပေး၊ အိမ်ကြက်ချင်းခွပ်ခိုင်းပြီး ညီညွတ်မှုမရှိအောင်လုပ်...။ နဂိုကတည်းက ဒီမိုကရေစီမရှိတာက ဘာမှမဖြစ်ဘူး။ ဒီမိုကရေစီမရလို့ ရအောင်လုပ်ကာမှ လူ့အသက်တွေ မတန်တဆပေးဆပ်နေကြရတယ်။ စစ်ဒဏ်ခံနိုင်ငံတိုင်းမှာ မြို့အနှံ့၊ ရွာအဆုံး ပြိုကျပျက်စီးနေတဲ့ အဆောက်အဦတွေ၊ သေကျေပျက်စီးမှုတွေ၊ စစ်ဘေးရှောင်ဒုက္ခသည် အနိဋ္ဌာရုံတွေနဲ့ ဘယ်လိုမှ မြင်ရက်၊ ကြားရက်စရာမရှိပါဘူး”**

မီးလောင်ရာလေပင့် စစ်ပွဲကို ပိုကြီးမားလာအောင်၊ ယူကရိန်းပြည်သူတွေ သွေးချောင်းစီးအောင် လုပ်သလိုဖြစ်နေပါတယ်။ အကဲခတ်ရသလောက်တော့ လက်ရှိအမေရိကန်အစိုးရနဲ့ အင်္ဂလန်ကလွဲလို့ ဥရောပနိုင်ငံအများအပြား အမေရိကန်နိုင်ငံရေး ခေါင်းဆောင်အချို့ အပါအဝင် ကမ္ဘာ့ပြည်သူအားလုံးက ဒီစစ်ကြီးကို အမြန်ရပ်ပြီး ငြိမ်းချမ်းချင်နေကြပါပြီဆိုတာ သိသာလာနေပါတယ်။

## NATO ကို တိုးချဲ့လို့ ဖြစ်ခဲ့တဲ့စစ်၊ ယခုလည်း အနီရောင်မျဉ်းကို ဖြတ်ကျော်ဆဲ

ယူကရိန်းကို နေတိုးထဲ ဆွဲသွင်းဖို့ ကြံစည်ရာက အစပြု၊ ရုရှားနိုင်ငံကြီးရဲ့ အချုပ်အခြာအာဏာကို ထိပါးစေမယ့် နယ်ပယ်ချဲ့ထွင်မှုမျိုး ဘယ်တော့မှ မလုပ်ပါဘူးဆိုတဲ့ နေတိုးရဲ့ ကတိပေးထားချက်ကို ဖောက်ဖျက်ပြီး ရုရှားတို့ သတ်မှတ်ထားတဲ့ အနီရောင်မျဉ်းကို အကြိမ်ကြိမ် ကျော်ဖြတ်ခဲ့ကြတဲ့အတွက် ယနေ့အထိ မပြီးနိုင်မစီးနိုင်ဖြစ်နေရတဲ့ ရုရှား – ယူကရိန်းစစ်၊ ယခုတစ်ဖန် ကရင်မလင်နန်းတော်ကို ဒရုန်းနဲ့ တိုက်ခိုက်ခဲ့တဲ့အတွက် နှစ်ဖက်တင်းမာမှုဟာ ပိုမိုဆိုးရွားလာပြန်ပါတယ်။

နော်ဒစ်နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ဖင်လန်ဟာ နေတိုးအဖွဲ့ဝင်ဖြစ်သွားတဲ့အတွက်လည်း ဒေသတွင်း ပဋိပက္ခအသွင်ဟာ ပိုပြီးကြီးထွားလာခဲ့တယ်။ ဖင်လန်တင်မက ရုရှားကို ပိုပြီးဖိအားပေးနိုင်ဖို့ ဆွီဒင်ကိုပါ နေတိုးထဲဆွဲသွင်းနေဆဲပါ။ ကာဒ်ကိစ္စကြောင့် နေတိုးအဖွဲ့ဝင် တူရကီက လက်မခံသေးလို့သာ ဆွီဒင် နေတိုးအဖွဲ့ဝင်ဖြစ်ရေး နှောင့်နှေးနေရခြင်းဖြစ်ပါတယ်။ ဆွီဒင်သာ နေတိုးအဖွဲ့ဝင်ဖြစ်သွားရင် ရုရှားနဲ့ နေတိုးကြားမှာ အဆိုးရွားဆုံး ပိုပြီးတင်းမာလာမယ့် အနေအထားရှိပါတယ်။ ဒီအချက်ကို အမေရိကန်ကလည်း ကောင်းကောင်းသိပါတယ်။

**ကမ္ဘာသူ ကမ္ဘာသားအားလုံး အလွန်ကိုမှ စိုးရိမ်နေကြတာက ဖြစ်လာနိုင်ဖွယ်ရှိတယ်လို့ ယူဆနေကြတဲ့ တတိယကမ္ဘာစစ်ကြီးကိုပါ။ စစ်ကြီးများ၊ စစ်ပွဲများရဲ့ ဆိုးကျိုးတွေကို စစ်ဒဏ်ခံခဲ့၊ ခံရဆဲ ကမ္ဘာ့ပြည်သူတွေက ပိုပြီးစိုးရိမ်ထိတ်လန့်ကြတာ သဘာဝကျပါတယ်။ စစ်ရဲ့ ဆိုးရွားလှတဲ့ နောက်ဆက်တွဲသက်ရောက်မှုတွေကို အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံခေါင်းဆောင်အားလုံး မသိသူမရှိပါဘူး။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ခေတ်အဆက်ဆက် အမေရိကန် ခေါင်းဆောင်တွေဆိုတာက ကိုရီးယား၊ ဗီယက်နမ်၊ အီရတ်၊ လစ်ဗျား၊ အာဖဂန်နစ္စတန်၊ ဆီးရီးယား စတဲ့နိုင်ငံတွေကို ကျူးကျော်ဝင်ရောက်ပြီး စစ်ပွဲတွေကို ကိုယ်တိုင်ဖန်တီးယူခဲ့ကြသူတွေပါ။**

ယနေ့လည်း ယူကရိန်းစစ်မှာ ယူကရိန်းပြည်သူတွေ ဒီလောက်သေကျေဒုက္ခရောက်နေတာတောင် ဇာလန်စကီးကို လက်နက်တွေ အဆက်မပြတ်ပေးပို့ပြီး စစ်ဆက်တိုက်ခိုင်းနေတာကို ကြည့်ခြင်းဖြင့် ယူကရိန်းပြည်သူတွေရဲ့ ခံစားချက်ကို လျစ်လျူရှုရက်နိုင်တဲ့၊ အံ့သြဖွယ်ကောင်းတဲ့ အမေရိကန်နိုင်ငံရေးသမားတွေရဲ့ အတ္တကိုသာ တွေ့မြင်ရပါတော့တယ်။ ထိုနည်းတူ ယူကရိန်းပြည်သူတွေနဲ့ ယူကရိန်းနိုင်ငံကြီး ပျက်စီးနေတာကို

*စာမျက်နှာ ၉ သို့*

**❖ ကမ္ဘာသူ ကမ္ဘာသားအားလုံး အလွန်ကိုမှ စိုးရိမ်နေကြတာက ဖြစ်လာနိုင်ဖွယ်ရှိတယ်လို့ ယူဆနေကြတဲ့ တတိယကမ္ဘာစစ်ကြီးကိုပါ။ စစ်ကြီးများ၊ စစ်ပွဲများရဲ့ ဆိုးကျိုးတွေကို စစ်ဒဏ်ခံခဲ့၊ ခံရဆဲ ကမ္ဘာ့ပြည်သူတွေက ပိုပြီးစိုးရိမ်ထိတ်လန့်ကြတာ သဘာဝကျပါတယ်။ စစ်ရဲ့ဆိုးရွားလှတဲ့ နောက်ဆက်တွဲ သက်ရောက်မှုတွေကို အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံခေါင်းဆောင်အားလုံး မသိသူမရှိပါဘူး။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ခေတ်အဆက်ဆက် အမေရိကန် ခေါင်းဆောင်တွေဆိုတာက ကိုရီးယား၊ ဗီယက်နမ်၊ အီရတ်၊ လစ်ဗျား၊ အာဖဂန်နစ္စတန်၊ ဆီးရီးယား စတဲ့နိုင်ငံတွေကို ကျူးကျော်ဝင်ရောက်ပြီး စစ်ပွဲတွေကို ကိုယ်တိုင်ဖန်တီးယူခဲ့ကြသူတွေပါ**

# မကွေးမြို့အတွင်း လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများ မြေပြင်စစ်ဆေး



**နေပြည်တော် မေ ၈**

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် မကွေးတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့်အတူ မကွေးတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး လင်းထွဋ်နှင့် တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးနှင့် Road Safety Audit အဖွဲ့ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ပြည့်စုံမှန်ကန်ညီညွတ်စေရေး လုပ်ငန်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့်အတွက် မကွေးတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဌာန/အဖွဲ့များအနေဖြင့် အထူးအလေးထားဆောင်ရွက်ရန်၊ မကွေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး ခုနစ်ခုအနက် ဒုတိယအကြီးဆုံးနှင့် မြန်မာနိုင်ငံအလယ်ပိုင်း အချက်အချာကျသော တိုင်းဒေသကြီးဖြစ်သည့်အတွက် လူနေထူထပ်ခြင်း၊ ဧရိယာကြီးမားကျယ်ပြန့်ခြင်းနှင့် လမ်းကွန်ရက်များပြားခြင်းတို့ကြောင့် ခရိုင်/မြို့နယ်အလိုက် ပူးပေါင်းအဖွဲ့များ စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် မြေပြင်ကွင်းဆင်း စစ်ဆေးဆောင်ရွက်ကြရန်၊ စစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံ၍ လိုအပ်သည့် ပြုပြင်မွမ်းမံမှု၊ အသစ်တိုးချဲ့ရေးဆွဲစိုက်ထူမှုများ သတ်မှတ်ညွှန်ကြားချက်နှင့်အညီ ပြည့်စုံညီညွတ်မှန်ကန်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ယခုအခါ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်စတင်ပြီဖြစ်၍ ခွင့်ပြုဘဏ္ဍာငွေများကို ထိရောက်အကျိုးရှိစွာ အသုံးချပြီး လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ပြည့်စုံပြီးမြောက်အောင် အလေးထားကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အစည်းအဝေးတက်ရောက်လာကြသူများ၊ တာဝန်ရှိသူများနှင့်အတူ မကွေးမြို့အတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ရေးဆွဲစိုက်ထူ ဆောင်ရွက်ထားရှိမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး တွေ့ရှိချက်များအပေါ် သုံးသပ်အကြံပြုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

*စာမျက်နှာ ၈ မှ*

ဝမ်းသာလုံးဆို့နေကြတဲ့ အမေရိကန်လက်နက်ကုမ္ပဏီတွေနဲ့ အမေရိကန်ရေနံစီးပွားရေးသမားကြီးတွေရဲ့ ကုပ်သွေးစုပ် အမြတ်ထုတ်ကွက်တွေကိုလည်း မြင်အောင်ကြည့်စေလိုပါတယ်။

### စစ်တကယ်ဖြစ်လျှင် ဘယ်သူအကျိုးရှိနိုင်မလဲ

စစ်ဖြစ်ရင် တကယ်အကျိုးများသွားတာက အမေရိကန်သာဖြစ်တဲ့အတွက် အမေရိကန်ကလွဲပြီး ဘယ်နိုင်ငံကမှ စစ်မဖြစ်ချင်ကြပါဘူး။ အမေရိကန်ဟာ ယူကရိန်းမှာ ရုရှားကို စစ်မီးမွှေးပေးပြီး ယခု ထိုင်ဝမ်မျက်နှာစာမှာလည်း တရုတ်ကို မီးရှို့နေပါတယ်။ ယူကရိန်းစစ်မှာ ရုရှားကို နိုင်ငံတကာဥပဒေတွေ အပြင်းထန်ဆုံးချိုးဖောက်သူ အကြမ်းဖက်သမားအဖြစ် ပုံဖော်ပြီး ယနေ့ယူကရိန်းစစ်ရဲ့ အဓိကလက်မည်းကြီးကို မမြင်နိုင်အောင် ဖုံးကွယ်ဖို့ကြိုးစားနေခြင်းဖြစ်ပါတယ်။

**ဒီမိုကရေစီနဲ့ အာဏာရှင်၊ အဖျက်စွမ်းအားကြီးလက်နက်များနဲ့ အကြမ်းဖက်ကိစ္စ အမျိုးမျိုးအကြောင်းပြပြီး အီရတ်၊ လစ်ဗျား၊ အာဖဂန်နဲ့ ဆီးရီးယားနိုင်ငံတွေကို ဝင်ရောက်ကျူးကျော်ခဲ့ပေမယ့် တကယ့်အကြောင်းရင်းက လောဘဇောတက်နေတဲ့ အမေရိကန်နိုင်ငံရေးသမားတွေနဲ့ စီးပွားရေးသမားတွေရဲ့ အကျူးကျော်ခံရတဲ့ နိုင်ငံများဆီက ရေနံလောင်စာစွမ်းအင် အရင်းအမြစ်တွေကို သိမ်းပိုက်လက်ဝါးကြီးအုပ်ဖို့နဲ့ ရုရှားနဲ့ တရုတ်တို့ရဲ့ရန်ကို အကြောင်းပြပြီး အမေရိကန်လက်နက်ကုမ္ပဏီတွေကနေ လူသတ်အဖျက်လက်နက်များကို ကမ္ဘာပတ်ရောင်းချပြီး အမြတ်ထွက်ပေါ်ရေးက အဓိကအကြောင်းရင်းများသာ ဖြစ်တယ်ဆိုတာ တွေ့မြင်နိုင်ပါတယ်။**

စီးပွားရေးသမားတွေရဲ့ အမြတ်အစွန်းက အမေရိကန်နိုင်ငံရေး လောကအပေါ်လည်း လွှမ်းမိုးမှုရှိပြန်ပါတယ်။ ရုရှားရန်ကို အကြောင်းပြပြီး နေတိုးအဖွဲ့ဝင်အသစ် ဖင်လန်နဲ့ ဆက်စပ်နိုင်ငံတွေအပါအဝင် အချို့နေတိုးနိုင်ငံတွေဟာ ယခုကို အမေရိကန်ဆီက လက်နက်တွေဝယ်နေရပါပြီ။ တရုတ်ရန်ကို အကြောင်းပြပြီးမှ အမေရိကန်လက်နက်တွေဟာ ထိုင်ဝမ်နဲ့ ဆက်စပ်အာရှနိုင်ငံတွေဆီ အမေရိကန်လက်နက်တွေ စီးဝင်နေပါပြီ။ ထို့ပြင် ဖိလစ်ပိုင်မှာလည်း အမေရိကန်ဖက်က စစ်စခန်းများတည်ဆောက်ခွင့်ကို ရရှိလိုက်ပါပြီ။

### စစ်ရဲ့ဆိုးကျိုးများကို သိသော်လည်း

**စစ်ဆိုတာ မကောင်းမှန်းသိသော်လည်း ဒီမိုကရေစီအကြောင်းပြပြီး သွေးချောင်းစီးစစ်ပွဲတွေကို ဖန်တီးနေကြဆဲဖြစ်ပါတယ်။ ဒီမိုကရေစီမရှိလို့ဆိုပြီး ပြည်တွင်းစစ်တွေ ဖန်တီး၊ သွေးကွဲအောင်သွေးခွဲ၊ ရန်တိုက်ပေး၊ အိမ်ကြက်ချင်း ခွပ်ခိုင်းပြီး ညီညွတ်မှုမရှိအောင်လုပ်...။ နဂိုကတည်းက ဒီမိုကရေစီမရှိတာက ဘာမှမဖြစ်ဘူး။ ဒီမိုကရေစီမရလို့ ရအောင်လုပ်ကာမှ လူ့အသက်တွေ မတန်တဆ ပေးဆပ်နေကြရတယ်။ စစ်ဒဏ်ခံနိုင်ငံတိုင်းမှာ မြို့အနှံ့၊ ရွာအဆုံး ပြိုကျပျက်စီးနေတဲ့ အဆောက်အဦတွေ၊ သေကျေပျက်စီးမှုတွေ၊ စစ်ဘေးရှောင်ဒုက္ခသည် အနိဋ္ဌာရုံတွေနဲ့ ဘယ်လိုမှ မြင်ရက်၊ ကြားရက်စရာမရှိပါဘူး။**

ယခု ရုရှား- ယူကရိန်းစစ်မှာလည်း ဘယ်အချိန် ဘယ်လိုပြီးမယ် မသိနိုင်ပါဘူး။ လက်ရှိမှာတော့ ကမ္ဘာမှာ တရုတ်၊ ရုရှား ဦးဆောင်အုပ်စုနဲ့ အမေရိကန် နေတိုးအုပ်စု အင်အားစုနှစ်ခုဟာ မထင်မရှား စည်းရုံးလှုပ်ရှားနေကြပါပြီ။ အမေရိကန်ဟာ တစ်ဖက်မှာ ယူကရိန်းကို လက်နက်ခဲယမ်းထောက်ပံ့ပြီး ရုရှားကို ထိန်းနေသလို အရှေ့ဘက်မှာလည်း တရုတ်ကိုထိန်းဖို့ တရုတ်ရဲ့ထွက်ပေါက်တွေကို ပိတ်ဆို့ဖို့ လှုပ်ရှားမှုခပ်စိပ်စိပ်လေး လုပ်လာတာ သတိထားမိပါတယ်။

**အထူးသဖြင့် အနောက်ဘက်က မေ့ထားလို့မရတဲ့ ဘင်္ဂလားဒေ့ရှ်နဲ့ အာဆီယံထဲက ဖိလစ်ပိုင်မှာပါ။ တရုတ်နိုင်ငံကိုထိန်းဖို့ လှုပ်ရှားမှုဟာ မြန်မာနိုင်ငံနဲ့လည်း ဆက်စပ်နေတာမို့ အချိန်မရွေး ပေါက်ကွဲသွားနိုင်တဲ့ ထိုအချက်ဟာ မြန်မာပြည်သူတွေဘက်က အလေးအနက်ထားစရာ အရေးကိစ္စတစ်ခုဖြစ်နေပါတယ်။ မြန်မာပြည်တွင်းရေးကိစ္စတချို့အပေါ်မှာ ပွဲ့လန့်ဖျာခင်း၊ attention ရှာကြမယ့်သူတွေက မြန်မာပြည်သူတွေကို ကမ္ဘာစစ်မီးလျှံထဲ တွန်းပို့လာနိုင်မယ့် အရေးကိုစေ့စေ့တွေးမြော်၍ ခပ်လေးလေး သဘောထားသင့်ပါတယ်။**

> **● ကမ္ဘာကြီးမှာ ယနေ့ပဋိပက္ခအခြေအနေတွေကနေ လွန်မြောက်နိုင်ခြင်း ရှိ၊ မရှိ ဆန်းစစ်တဲ့နေရာမှာ အချို့သောပဋိပက္ခများကို အမေရိကန်အစိုးရရဲ့ ပြည်တွင်း၊ ပြည်ပ အခြေအနေတချို့နဲ့လည်း ဆက်စပ်ပြီး စဉ်းစားနိုင်ပါတယ်။ ယူကရိန်းကို အလွန်အကျွံပံ့ပိုးမှုတွေနဲ့အတူ ပြည်တွင်းမှာ စီးပွားရေးကျဆင်းလာမှု၊ အမေရိကန်ဒေါ်လာ ပုန်ကန်ခံရမှုနဲ့ ငွေကြေးအကျပ်အတည်း၊ ပြည်ပ ဩဇာသက်ရောက်မှု အားနည်းလာတဲ့အခြေအနေတွေ၊ အမေရိကန်သမ္မတနဲ့ သူ့သားရဲ့ပြစ်မှုတွေကြောင့် ဒီမိုကရက်တွေအပေါ် ပြည်သူထောက်ခံမှုကျဆင်းလာတဲ့ အခြေအနေအရပ်ရပ်ကြောင့် အစိုးရရဲ့ နေဝင်ချိန်ပုံရိပ်ကို ပြန်တင်ဖို့ မလွဲမသွေ ကြိုးစားလာနိုင်ပါတယ်**

### အာရုံလွှဲကိုယ်စားပြုစစ်ပွဲ ဖန်တီးမှုများ ရှိလာနိုင်

ကမ္ဘာကြီးမှာ ယနေ့ပဋိပက္ခအခြေအနေတွေကနေ လွန်မြောက်နိုင်ခြင်းရှိ၊ မရှိ ဆန်းစစ်တဲ့နေရာမှာ အချို့သောပဋိပက္ခများကို အမေရိကန်အစိုးရရဲ့ ပြည်တွင်း၊ ပြည်ပ အခြေအနေတချို့နဲ့လည်း ဆက်စပ်ပြီး စဉ်းစားနိုင်ပါတယ်။ ယူကရိန်းကို အလွန်အကျွံ ပံ့ပိုးမှုတွေနဲ့အတူ ပြည်တွင်းမှာစီးပွားရေး ကျဆင်းလာမှု၊ အမေရိကန်ဒေါ်လာ ပုန်ကန်ခံရမှုနဲ့ ငွေကြေးအကျပ်အတည်း၊ ပြည်ပ ဩဇာသက်ရောက်မှု အားနည်းလာတဲ့ အခြေအနေတွေ၊ အမေရိကန်သမ္မတနဲ့ သူ့သားရဲ့ပြစ်မှုတွေကြောင့် ဒီမိုကရက်တွေအပေါ် ပြည်သူထောက်ခံမှုကျဆင်းလာတဲ့ အခြေအနေအရပ်ရပ်ကြောင့် အစိုးရရဲ့ နေဝင်ချိန်ပုံရိပ်ကို ပြန်တင်ဖို့ မလွဲမသွေ ကြိုးစားလာနိုင်ပါတယ်။

ရှုံးမှန်းသိသာလာနေတာကို အာရုံလွှဲတဲ့အနေနဲ့ ကမ္ဘာ့ဒေသတချို့မှာ ရန်စမှုတွေပြုလုပ်ပြီး ပြဿနာမျိုးစုံဖန်တီး၊ ဒေသတွင်းကိုယ်စားပြု proxy war စစ်ရေးနှိုးဆွမှုတွေ ရှိလာနိုင်ပါတယ်။ တိုက်ဆိုင်စွာပဲ တောင်ကိုရီးယားနဲ့ ပူးတွဲစစ်ရေးလေ့ကျင့်မှု အကြိမ်ကြိမ်ပြုလုပ်၊ တင်းမာနေတဲ့ ကိုရီးယားကျွန်းဆွယ်ကို နျူကလီးယားသင်္ဘောစေလွှတ်ပြီး မြောက်ကိုရီးယားကို ရန်စခြင်း၊ ရေနံဆီတင်သင်္ဘောကိစ္စကို ပြဿနာဖန်တီးပြီး အီရန်ကို စစ်ရေးအရဖိအားပေးခြင်း ဒီကိစ္စရပ်တွေဟာ အမေရိကန်ရဲ့ ကျဆင်းလာတဲ့ ပုံရိပ်နဲ့အတူ ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လာနေမှုများအဖြစ် သုံးသပ်မိပါတယ်။

နိဂုံးချုပ်ရရင်တော့ ယနေ့ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက် ဖြေဆေးဟာ အမေရိကန်ခေါင်းဆောင်တွေအပေါ်မှာပဲ မူတည်နေပါတယ်။ ဘရာဇီးသမ္မတ လူလာ ပြောသလို အမေရိကန်အနေနဲ့ ယူကရိန်းစစ်ကို အားပေးအားမြှောက် မပြုတော့ဘဲ ငြိမ်းချမ်းရေးအတွက် လမ်းဖွင့်ပေးနိုင်စွမ်းအားလုံးကို အသုံးချသွားမယ်ဆိုရင် ယခုဖြစ်ပေါ်နေတဲ့ ပြဿနာတွေဟာ အလိုအလျောက် ချုပ်ငြိမ်းသွားနိုင်ပါတယ်။ စစ်ပွဲရဲ့ အကြောင်းတရား ဘယ်လိုပဲရှိခဲ့ရှိခဲ့ ယနေ့လက်တွေ့မှာတော့ ယူကရိန်းစစ်ပွဲကို မရပ်စေဘဲ စစ်ပွဲအရှိန်မြှင့်ဖို့ ကြိုးစားနေတဲ့ လက်သည်တရားခံဟာ ဘယ်သူလဲဆိုတာ ရှင်းနေပါတယ်။

တရုတ်နိုင်ငံဘက်က လမ်းပြဖော်ဆောင်မယ့် ငြိမ်းချမ်းရေးတံခါးကို ပိတ်ခဲ့တာလည်း အမေရိကန်တွေပါပဲ။ စစ်ပွဲပြီးဖို့ ငြိမ်းချမ်းရေးစကားပြောသူမှန်သမျှ အမေရိကန်ရဲ့ အပြစ်တင်မှုက မလွတ်ကင်းခဲ့ပါဘူး။ နောက်ဆုံး ဇာလန်စကီး ကိုယ်တိုင် စစ်ကိုရပ်ချင်ရင်တောင် ရပ်လို့ရမယ့် အခြေအနေကို ယခုအခါ မမြင်မိသေးပါ။ ရုပ်သေးအစိုးရတစ်ဖြစ်လဲ သမ္မတရဲ့အဖြစ်က ထိန်းချုပ်သူများရဲ့ကြိုးဆွဲရာကရမယ့်အဖြစ် ရောက်ရှိနေတာကို သင်ခန်းစာယူသင့်ပါတယ်။

ယခုအချိန်မှာတော့ စစ်ကိုရပ်စေချင်သူနဲ့ စစ်ကိုလိုလားသူ၊ ဘယ်သူက မင်းသား ဘယ်သူက လူဆိုးလဲဆိုတာ ရှင်းရှင်းလင်းလင်း မြင်နေရပါပြီ။ စစ်ကို မရပ်စေချင်သူသည်သာ စစ်ကိုအစပျိုးသူဖြစ်ခဲ့သည်...ဆိုတဲ့ အချက်တစ်ချက်ကို တော့ ဆက်စပ်စဉ်းစားမိပါရဲ့။ ။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၈**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်က နိုင်ငံ့ဝန်ထမ်းတိုင်း သိရှိလိုက်နာရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအနက် ဝန်ထမ်းများနှင့်ပတ်သက်သည့် ကောက်နုတ်ချက်များ၊ ရုံးလုပ်ငန်း အခြေခံသဘောတရားများ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ စတိုပစ္စည်းစာရင်းနှင့် အမှုတွဲ ထိန်းသိမ်းနည်းများ၊ မိမိတို့ကိုင်တွယ် ကျင့်သုံးရသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေနှင့် ဆက်စပ်ဥပဒေများကို သင်ကြားဆွေးနွေးမည်ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းမှု၊ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးဝင်သည့် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ရုံးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း၊ သင်တန်းပြီးဆုံးသည့်အခါ လုပ်ငန်းခွင်တွင်လက်တွေ့အသုံးချနိုင်ရေးအတွက် စနစ်တကျလေ့လာသင်ယူမှတ်သားဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

သင်တန်းသို့ ကော်မရှင်ရုံးမှ သင်တန်းသား သင်တန်းသူ ၃၄ ဦးက In-House အဖြစ်လည်းကောင်း၊ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်မြို့တို့ရှိ ကော်မရှင်ရုံးခွဲများမှ သင်တန်းသား သင်တန်းသူ ၁၆ ဦးတို့က Online မှလည်းကောင်း တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၈ ရက်မှ ဇွန် ၂ ရက်အထိ ရက်သတ္တပတ် လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့်လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်များ၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၈**




ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ် မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူး နိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်) ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ ၄၃ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်း လူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ ၁၁၅ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရေကြောင်းလူငယ်သင်တန်း စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်များရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြား ပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ) အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့သည် ယနေ့တွင် မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် လေယာဉ်မောင်းသင်ကျောင်းရှိ Flight Line နှင့် လေကြောင်းထိန်းဌာနတို့တွင် တပ်မတော်(လေ)၏ နေ့စဉ် လုပ်ငန်းဆောင်တာများအား လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ကြပြီး RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ ရဟတ်ယာဉ် Drone များ လေ့ကျင့်ပျံသန်းခြင်းတို့ကို သက်ဆိုင်ရာနည်းပြများ၏ ကြီးကြပ်မှုဖြင့် လေ့ကျင့်သင်ကြားခဲ့ကြသည်။ (ဝဲပုံ)

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်)သင်တန်းများ လေ့ကျင့်သင်ကြား ပို့ချနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် နေသူများဖြစ်ကြသည့် ခင်မြင့်နှင့် နုနုရှိန်တို့သည် ၎င်းတို့အသုံးပြုသည့် “Khin Myint” Facebook အကောင့်၊ “Nu Nu Shein” Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သာယာအေးရပ်ကွက်နေ နေမျိုးထွန်းသည် ၎င်းအသုံးပြုသည့် “Nay Myo Htun” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ဖော်ထုတ်အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၈**

ထူးခြားသည့် နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မကွေးမြို့၊ ဂန့်ဂေါမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နမ့်စန်မြို့တွင် ၀ ဒသမ ၃၅ လက်မ၊ ညောင်ရွှေမြို့တွင် ၀ ဒသမ ၂၀ လက်မ၊ ချောင်းဆုံမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် ကော့သောင်းမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

ပညာရေးဝန်ကြီးဌာန

၂၀၂၃ -၂၀၂၄ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ

ပညာရေးဝန်ကြီးဌာန

၂၀၂၃ -၂၀၂၄ ပညာသင်နှစ်

"အသိပေးကြေညာချက်"

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။

○ *ကျောဖုံးမှ*

ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

အဆိုပါ ဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို စောင့်ကြည့်၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## မာန်အောင်မြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုများဆောင်ရွက်

**မာန်အောင် မေ ၈**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် သိမ္ဘလကျေးရွာအုပ်စု သိမ္ဘလကျေးရွာတွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့က မေ ၈ ရက်က သိမ္ဘလကျေးရွာ ဆိုင်ကလုန်းရှယ်တာ၌ မုန်တိုင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးသူရိန်စိုး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်သန်းဝင်း၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးထိန်လင်း၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမြင့်သန်းတို့က ဒေသခံပြည်သူများကို မုန်တိုင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ မုန်တိုင်း သတိပေးချက်ရလျှင် ဆောင်ရွက်ရမည့်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ် ရှောင်ရန်၊ ဆောင်ရန် အချက်များ၊ မုန်တိုင်းဖြစ်ပြီးချိန်တွင် ရှောင်ရှားသင့်သည် အချက်များစသည်တို့ကို အသိပညာပေးပြောကြားသည်။



ယင်းနောက် မုန်တိုင်း အန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများကို ဆောင်ရွက်ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးသူရိန်စိုးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**သိန်းဖေ(ပြန်/ဆက်)**

## ဆိုင်ကလုန်းမုန်တိုင်း မိုးရွာသွန်းမှုကြောင့် နှမ်းစပါးနှင့် နှမ်းသီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရေး လိုက်နာဆောင်ရွက်ရန် နှိုးဆော်ချက်

၁။ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၏ မေ ၈ ရက် မြန်မာစံတော်ချိန် (၁၂:၃၀)နာရီအချိန် သတင်းထုတ်ပြန်ထားချက်အရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း၊ အဆိုပါ လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ပိုမိုအားကောင်းလာနိုင်ပြီး (၉.၅.၂၀၂၃) ရက်နေ့တွင် မုန်တိုင်းငယ် (Depression)အဖြစ်သို့ ရောက်ရှိနိုင်ကာ၊ မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး (၁၀.၅.၂၀၂၃)ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) အဖြစ်သို့ အားကောင်းလာနိုင်ကြောင်း သိရပါသည်။

၂။ အကယ်၍ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်လာပါက ကြိုတင်ခန့်မှန်းချက်အရ မုန်တိုင်း၏အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် တောင်ပိုင်းဒေသအချို့၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်နိုင်မည့် အခြေအနေများ ဖြစ်ပေါ်နိုင်ပါသည်။

၃။ ယခုအခါ အချို့သော တိုင်းဒေသကြီး/ပြည်နယ်များတွင် နွေစပါးနှင့် နွေသီးနှံများ ရိတ်သိမ်းလျက်ရှိပါသည်။ အချိန်အခါမဲ့ မုန်တိုင်းမိုးရွာသွန်းမှုကြောင့် ရိတ်သိမ်းဆဲသီးနှံများ လေလွင့်ဆုံးရှုံးမှု မဖြစ်စေရေးအတွက် အောက်ပါလုပ်ငန်းများကို လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်-

(က) မုန်တိုင်းမရောက်မီ (သို့) မုန်တိုင်းကင်းစင်မှသာ ရိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပါ။

(ခ) ရင့်မှည့်ပြီးစပါးခင်းများ မိုးရွာသွန်းခြင်း၊ လေတိုက်ခြင်းတို့ကြောင့် ယိုင်လဲမှုဖြစ်ပေါ်ပါက ရေအမြန်ဆုံးထုတ်ပြီး ရိတ်သိမ်းပါ။

(ဂ) အချိန်တိုအတွင်း ရိတ်သိမ်းခြွေလှေ့မှု ပြီးစီးရန် ရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြုရန်နှင့် အခြောက်ခံစက်များ သုံးစွဲနိုင်ရေး ဆောင်ရွက်ပါ။

(ဃ) စက်ကိရိယာ အခက်အခဲကြောင့် လူလုပ်အားဖြင့် ဆောင်ရွက်ရပါက တစ်ကွက်ချင်းကို အပြီးရိတ်သိမ်းခြွေလှေ့ပါ။ စပါးရင့်မှည့်မှုအလိုက် အလှည့်ကျရိတ်သိမ်းခြွေလှေ့နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပါ။

(င) ချက်ချင်းမခြွေလှေ့နိုင်သည့် ကောက်လှိုင်းထုံးများကို ကန်သင်းပေါ်တွင် စုပုံထားရှိခြင်း မပြုပါရန်နှင့် အမိုးအကာအောက်သို့ အမြန်ဆုံးသယ်ယူ၍ စနစ်တကျ စုပုံထားရှိပါ။ အမိုးအကာ လုံလောက်မှု မရှိလျှင် မိုးရေလျှော့ကျစေရန် တစ်ဖက်စောင်းနိမ့်ပုံစံဖြင့် စုပုံပါ၊ (သို့မဟုတ်) ကောက်လှိုင်းများအား ဖိုခုံလောက်ဆိုင်ထောင်ထားပါ။

(စ) စုပုံထားသော ကောက်လှိုင်းပုံများကို နေသာချိန်တွင် အမြန်ဆုံး ခြွေလှေ့ပါ။ ခြွေလှေ့ပြီး စပါးများကို အစိုဓာတ် ၁၄ ရာခိုင်နှုန်းရရှိသည်အထိ အခြောက်ခံစက် အသုံးပြု၍ (သို့မဟုတ်) နေလှန်း၍ အခြောက်ခံပါ။

(ဆ) နွေစပါးနှင့် နွေသီးနှံစိုက်ခင်းများတွင် မုန်တိုင်းမိုးကြောင့် ရုတ်တရက်ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်ပါက မိုးရွာသွန်းမှုရပ်သွားလျှင် ရေကတုတ်များမှ ချက်ချင်း ရေဖောက်ထုတ်ပါ။

(ဇ) စိုက်ခင်းများအနီးတွင် ချောင်းကော၊ မြောင်းကောများရှိပါက ရေနုတ်မြောင်းများ တူးဖော်ပြီး စိမ့်မြောင်း၊ ပတ်မြောင်းများ စနစ်တကျတူးဖော်ပါ။

(ဈ) မိုးကောင်းသောက်ဧရိယာများတွင် နွေထယ်ရေး ပြင်ဆင်ထားပြီး မိုးရွာအပြီး မိုးကြိုနှမ်း၊ မိုးကြိုပဲတီစိမ်း (သို့မဟုတ်) မိုးကြိုချည်မျှင်ရှည်ဝါများ စိုက်ပျိုးရန် အသင့်ပြင်ဆင်ပါ။

(ည) မုန်တိုင်းကာလအတွင်း ဆည်၊ တမံနှင့် မြို့နယ်များတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ကျဝန်ထမ်းများက အရေးပေါ်အခြေအနေ ကြိုတင်ကာကွယ်ရေးစီမံချက်(EPP)အရ အချိန်ပြည့် ဆောင်ရွက်နေကြမည်ဖြစ်၍ ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေရေးလုပ်ငန်းများတွင် တောင်သူများက ပူးပေါင်းဆောင်ရွက်ကြပါ။

(ဋ) ဆည်ရေသောက် ဧရိယာအတွင်းရှိ တောင်သူများ၊ ရေအသုံးချ တောင်သူအဖွဲ့ (WUG)များအနေဖြင့် ရေဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကူအညီရယူ ဆောင်ရွက်ပါ။

၄။ သီးနှံများ ရိတ်သိမ်းပြီးချိန်တွင် လေလွင့်ဆုံးရှုံးမှုများ သက်သာစေရန်အတွက် အထက်ပါလုပ်ငန်းစဉ်များကို တောင်သူလယ်သမားများအားလုံး လိုက်နာဆောင်ရွက်နိုင်ကြရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကလည်း ပူးပေါင်းကူညီ ဆောင်ရွက်ပေးနိုင်ကြပါရန်နှင့် အကူအညီ လိုအပ်ပါက နီးစပ်ရာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနရုံးများသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ရဟန်းသံဃာအယောင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် မေ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူများ၏အသက်ကိုသာမက စားဝတ်နေရေးကိုပါ ထိခိုက်ပျက်စီးအောင် လုပ်ဆောင်နေသော PDF တို့၏ အကြမ်းဖက်လုပ်ရပ်များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ တက်ရောက်

**မုံရွာ မေ ၈**

မုံရွာမြို့၊ စစ်ကိုင်းမြို့နှင့် ချောင်းဦးမြို့များသို့ ရောက်ရှိနေထိုင်လျက်ရှိသည့် ယာယီတိုက်ပွဲရှောင် ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို မေ ၈ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ယာယီတိုက်ပွဲရှောင် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီးအစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသည့် ဒေသခံပြည်သူများအားလုံးကို ကျောသားရင်သားမခွဲခြားဘဲ အေးချမ်းသာယာမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်မှု၊ စိတ္တသုခ၊ ကာယသုခနှင့် ပြည့်စုံမှုစသည့် ကောင်းကျိုးချမ်းသာများနှင့် ပြည့်စုံစေပြီး လူနေမှုဘဝတိုးတက်မြင့်မားစေချင်သည့် ဆန္ဒကိုအရင်းတည်ပြီး နေ့စဉ်တိုင်းဒေသကြီး၏ တိုးတက်ရာတိုးတက်ကြောင်းများကို စဉ်းစားတွေးခေါ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ကူညီကယ်ဆယ်ရေး**

တစ်ဖက်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေရသလို တစ်ဖက်တွင်လည်း လူ့ပယောဂ၊ မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်စသည့် အန္တရာယ်များကြောင့် အများပြည်သူများ ဒုက္ခရောက်စေနိုင်မည့် အရေးကြီးကိစ္စများ၊ ကြိုတင်မျှော်တွေးပြီး ဘေးအန္တရာယ်များလျော့ပါးရေး၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်များအနေဖြင့် ရေဘေး၊ မီးဘေး၊ ငလျင်ဘေးစသည့် သဘာဝအလျောက်ဖြစ်ပေါ်တတ်သည့် ဘေးအန္တရာယ်များအပြင် လူတို့၏ပယောဂကြောင့်၊ နှောင့်ယှက်မှုကြောင့် ပေါ်ပေါက်ရသည့် စစ်ဘေးအပါအဝင် နေရပ်စွန့်ခွာရသည့် ကိစ္စရပ်များလည်း ရှိပါကြောင်း၊ ဒီဘေးအန္တရာယ်များကိုလည်း ပေါ့ပေါ့ဆဆသဘောမထားဘဲ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည့် ကြိုတင်စီစဉ်မှု၊ ကြိုတင်စီမံမှုများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။




ဆက်လက်ပြီး တိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးဦးနှင့် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးလှိုင်တို့က ထောက်ပံ့ပစ္စည်းများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယာယီတိုက်ပွဲရှောင်ပြည်သူများကို ဆန်ရိက္ခာများအားလည်းကောင်း၊ **(အပေါ်ပုံ)** တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးက အခြေခံစားသောက်ကုန်ပစ္စည်းများအားလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစောနိုင်က ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါပုံးများအား တိုက်ပွဲရှောင်ပြည်သူများထံ အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် တိုက်ပွဲရှောင်ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ထောက်ပံ့ပေးအပ်**

အဆိုပါ မုံရွာမြို့၊ စစ်ကိုင်းမြို့နှင့် ချောင်းဦးမြို့များသို့ ရောက်ရှိနေထိုင်လျက်ရှိသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆန် ၁၁၂၄ အိတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက ကြက်ဥ ၄၅၇၀ ၊ ခေါက်ဆွဲခြောက် ၄၅၇၀၊ ကြက်သွန်နီ ၄၅၇ ပိဿာ၊ အာလူး ၄၅၇ ပိဿာ၊ ကျောင်းဝတ်စုံ ၁၅၀၊ ဗလာစာအုပ် ၁၅၀ နှင့် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကယ်ဆယ်ရေး ပစ္စည်း ၁၇ မျိုးပါပုံး ၉၁၄ ပုံးတို့အား အိမ်ထောင်စု ၉၁၄ စု၊ လူဦးရေ ၃၃၇၂ ဦးအားထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံတောင်ပိုင်း၌ လှေတိမ်းမှောက်မှု လူ ၂၁ ဦးထက်မနည်း သေဆုံး

နယူးဒေလီ မေ ၈

အိန္ဒိယနိုင်ငံ တောင်ပိုင်း ကီရာလာပြည်နယ်၌ မေ ၇ ရက်က လှေတစ်စင်း တိမ်းမှောက်မှုကြောင့် လူ ၂၁ ဦးထက် မနည်း သေဆုံးမှုဖြစ်ပွားကြောင်း ဒေသအာဏာပိုင်များက မေ ၈ ရက်တွင် ပြောသည်။



လှေတိမ်းမှောက်မှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်သားများ ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်နေမှုကို မေ ၈ ရက်က တွေ့ရစဉ်။

**ကမ်းလွန်၌တိမ်းမှောက်**

ခရီးသည် ၃၅ ဦးကျော် တင်ဆောင်လာသော အဆိုပါ လှေသည် မေ ၇ ရက် ဒေသ စံတော်ချိန် ည ၇ နာရီ ဝန်းကျင်တွင် ကီရာလာပြည်နယ် မာလတ်ပါရမ်ခရိုင်ရှိ တန်နာ ကမ်းရိုးတန်းမြို့ ကမ်းလွန်၌ တိမ်းမှောက်ခဲ့ခြင်း ဖြစ်ကြောင်း မာလတ်ပါရမ်ခရိုင် ရဲတပ်ဖွဲ့က ပြောသည်။

**သေဆုံးသူတိုးလာနိုင်**

သေဆုံးသူ အရေအတွက် ဆက်လက် တိုးလာနိုင်ကြောင်း ကယ်ဆယ်ရေးကြိုးပမ်းအားထုတ်မှုများ ညှိနှိုင်းဆောင်ရွက်ရာတွင် ကူညီပေးနေသည့် ကီရာလာပြည်နယ်၏ အားကစားနှင့် ငါးဖမ်းလုပ်ငန်း ဝန်ကြီးအက်ဒူရာဟီမန်းက ပြောသည်။

ထို့အပြင် အဆိုပါ ရဲတပ်ဖွဲ့က ခရီးသည် ၁၀ ဦးခန့်ကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်း ပြောသည်။

ဆင်ဟွာ

## ကမ္ဘောဒီးယားရှိ လုပ်ကွက်ငယ်တောင်သူများအတွက် ကန်ဒေါ်လာ ၃ သန်းနီးပါး ထောက်ပံ့မည့် စီမံကိန်းစတင်

ဖနောင်ပင် မေ ၈

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်နှင့် ကမ္ဘောဒီးယား စိုက်ပျိုးရေး သမဝါယမ ကော်ပိုရေးရှင်းတို့သည် ကမ္ဘောဒီးယားနိုင်ငံ မွန်ဒူကီရီပြည်နယ် အရှေ့မြောက်ပိုင်းရှိ လယ်သမား ၁၂၀၀ ကျော်နှင့် ၎င်းတို့၏ မိသားစုဝင်များကို ထောက်ပံ့ပေးမည့် စီမံကိန်းသစ်ကို စတင်ခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး အစီအစဉ်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၉ သန်းနှင့် ကမ္ဘောဒီးယား စိုက်ပျိုးရေးသမဝါယမ ကော်ပိုရေးရှင်းမှ ဒေါ်လာ ၁ ဒသမ ၁ သန်း ထောက်ပံ့မှုဖြင့် ဆောင်ရွက်မည့် အဆိုပါစီမံကိန်းသည် အော်ဂဲနစ် စိုက်ပျိုးရေးနှင့် ဈေးကွက်ရရှိရေးမှတစ်ဆင့် လုပ်ကွက်ငယ် တောင်သူ လယ်သမားများ၏ ခံနိုင်ရည်နှင့် အသက်မွေးဝမ်းကျောင်းဘဝများ မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်၏ မေ ၈ ရက်က ထုတ်ပြန်သည့် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယား စိုက်ပျိုးရေးသမဝါယမ ကော်ပိုရေးရှင်းက သဘာဝဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများနှင့် အခြားသောစိုက်ပျိုးရေးအလေ့အကျင့်ကောင်းများကိုသာ အသုံးပြုခြင်းဖြင့် အော်ဂဲနစ် စိုက်ပျိုးရေးစနစ် ဖွံ့ဖြိုးရေးကို ချဉ်းကပ်ဆောင်ရွက်ပြီး အမျိုးသမီးများနှင့် ဌာနေတိုင်းရင်းသားများအပါအဝင် လုပ်ကွက်ငယ်တောင်သူ လယ်သမားများအားလုံး ပေါင်းစည်းပါဝင်သည့် အော်ဂဲနစ်စိုက်ပျိုးရေး ကွင်းဆက်တစ်ခုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ

# ယခုနှစ် ပထမလေးလအတွင်း ခရီးသွားလုပ်ငန်းမှ ကန်ဒေါ်လာ သန်း ၇၀၀ နီးပါး သီရိလင်္ကာ ရှာဖွေနိုင်ခဲ့



ကိုလံဘို မေ ၈

သီရိလင်္ကာနိုင်ငံသည် ယခုနှစ် ပထမလေးလအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍမှ အမေရိကန်ဒေါ်လာ သန်း ၇၀၀ နီးပါးရှာဖွေနိုင်ခဲ့ပြီး ပြီးခဲ့သည့်နှစ် အလားတူ ကာလကထက် ၁၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၈ ရက်တွင် ပြောသည်။

သီရိလင်္ကာနိုင်ငံအနေဖြင့် ဧပြီလတွင် ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁၆၆ ဒသမ ၅ သန်း ရှာဖွေနိုင်ခဲ့ကြောင်း သီရိလင်္ကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့ (အက်စ်အယ်လ်တီဒီအေ) ဥက္ကဋ္ဌ ဖာနန်ဒိုက မီဒီယာသို့ ပြောသည်။ အက်စ်အယ်လ်တီဒီအေ၏ ထုတ်ပြန်ချက်အရ သီရိလင်္ကာနိုင်ငံအနေဖြင့် ယခုနှစ် ပထမသုံးလအတွင်း ကမ္ဘာလှည့်ခရီးသည် ၃၃၅၆၇၉ ဦးကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍအနေဖြင့် ယခုနှစ်တွင် နိုင်ငံအတွင်းသို့ ကမ္ဘာလှည့်ခရီးသည် နှစ်သန်း ဝင်ရောက်ရန် ရည်မှန်းနေကြောင်း ဖာနန်ဒိုက ပြောသည်။ အဆိုပါ ကဏ္ဍအနေဖြင့် ကနဦးတွင် ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၅ သန်း ဝင်ရောက်ရန် မျှော်မှန်းထားသော်လည်း ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုမှာ ပထမလေးလအတွင်း အပြုသဘောဆောင်သော တိုးတက်မှုရှိခဲ့သောကြောင့် အဆိုပါ ခန့်မှန်းမှုကို အက်စ်အယ်လ်တီဒီအေက ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံအတွက် နိုင်ငံခြားငွေအများဆုံး ရှာဖွေပေးနိုင်သည့် ကဏ္ဍများထဲမှတစ်ခုဖြစ်သော ခရီးသွားလုပ်ငန်းကဏ္ဍသည် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုနှင့် နိုင်ငံအတွင်း စီးပွားရေး၊ နိုင်ငံရေး အကျပ်အတည်းများကြောင့် ဆုတ်ယုတ်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

ဆင်ဟွာ

## သီရိလင်္ကာမိုးလေဝသဌာန ဆိုင်ကလုန်းမုန်တိုင်းသတိပေးချက်ထုတ်ပြန်

ကိုလံဘို မေ ၈

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် လေဖိအားနည်းရပ်ဝန်းတစ်ခုအဖြစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာပြီး လာမည့်ရက်အနည်းငယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပြောင်းလဲကာ သီရိလင်္ကာသို့ ဝင်ရောက်နိုင်ကြောင်း မိုးလေဝသဌာနက မေ ၈ ရက်တွင် သတိပေးထုတ်ပြန်ထားသည်။

ငါးဖမ်းခြင်းနှင့် ရေလုပ်ငန်းနှင့်ဆက်စပ်သည့် အသိုင်းအဝိုင်းများ အနေဖြင့် မုန်တိုင်းနှင့်ပတ်သက်၍ ဌာနမှထုတ်ပြန်သော မိုးလေဝသ ခန့်မှန်းချက်များကို သတိပြုရန် တောင်းဆိုထားသည်။

ဆာဘာရာဂါမူဝါ ပြည်နယ် အနောက်ပိုင်း၊ အလယ်ပိုင်း၊ အနောက်မြောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ပြည်နယ်များနှင့် ထရင်ကိုမာလီ ခရိုင်တို့တွင် ရံဖန်ရံခါ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနက သတိပေးထုတ်ပြန်ထားသည်။

ထို့ပြင် အနောက်ဘက်နှင့် တောင်ပိုင်းကမ်းရိုးတန်းဒေသများနှင့် အလယ်ပိုင်းတောင်စောင်းဒေသများတွင် တစ်နာရီလျှင် လေတိုက်နှုန်း ၄၀ မှ ၄၅ ကီလိုမီတာခန့်အထိ တိုက်ခတ်နိုင်ပြီး မိုးထစ်ချုန်း ရွာနေချိန် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများ လျှော့နည်းစေရန် အများပြည်သူများအနေဖြင့် ကြိုတင်ပြင်ဆင်မှုဆောင်ရွက်ထားကြရန် မေတ္တာရပ်ခံထားသည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကို ရာသီတုပ်ကွေးရောဂါအဖြစ် အဆင့်လျှော့ချသတ်မှတ်



တိုကျို မေ ၈

ဂျပန်နိုင်ငံသည် မေ ၈ ရက်မှ စတင်ကာ ကိုရိုနာဗိုင်းရပ်စ်၏ တရားဝင် အဆင့်အတန်းကို ရာသီတုပ်ကွေး ရောဂါအဖြစ် အုပ်စုတစ်ခုတည်းသို့ အဆင့်လျှော့ချ သတ်မှတ်လိုက်ပြီဖြစ်သည်။

ယင်း အခြေအနေသစ်အရ ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးအတွက် ပြည်သူလူထု၏ လှုပ်ရှားသွားလာမှုများကို အစိုးရက ဥပဒေအရ ကန့်သတ်ပိတ်ပင်ခြင်းများ လုပ်ဆောင်တော့မည်မဟုတ် ဆိုသည့်အဓိပ္ပာယ်ဖြစ်ပြီး ပြည်သူများအနေဖြင့် အချို့ ဆုံးဖြတ်ချက်များကို ကိုယ်တိုင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

သို့သော်လည်း ကူးစက်သူအရေအတွက် ဆက်လက်တိုးလာနိုင်သေးသဖြင့် ယခုဘဏ္ဍာရေးနှစ်တစ်လျှောက်လုံးတွင် ကာကွယ်ဆေးများ အခမဲ့ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ပြီး ဗိုင်းရပ်စ် ကူးစက်ခံရပြီးနောက် နေအိမ်တွင် ငါးရက်နေထိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်း အကြံပြုထားသည်။

အင်န်အိတ်ချ်ကေ

## ကွန်ဂိုအရှေ့ပိုင်းတွင် ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၄၀၀ နီးပါး ရှိလာ

ကင်ဆာရှာ မေ ၈ - ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားသောကြောင့် ရွာသား ၄၀၀ နီးပါး သေဆုံးမှုဖြစ်ပွားကြောင်း တောင်ကီဗူပြည်နယ် အုပ်ချုပ်ရေးမှူး သီယိုဝါဘီဂိုကာဆိုင်က မေ ၈ ရက်တွင် ပြောသည်။ ကွန်ဂိုအစိုးရက သဘာဝဘေးအန္တရာယ်ကြောင့် အသက်ဆုံးရှုံးရသူများအတွက် မေ ၈ ရက်ကို နိုင်ငံလုံးဆိုင်ရာ ဝမ်းနည်းခြင်းနေ့အထိမ်းအမှတ်အဖြစ် ကြေညာခဲ့သည်။ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း တောင်ကီဗူပြည်နယ်ရှိ ယူဗီရာဒေသတွင် ရေကြီး ရေလျှံမှုဖြစ်ပွားပြီးနောက် အိမ်ထောင်စု ၇၈၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်းနှင့် အိုးအိမ် ၆၀၀ ကျော် ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များ၏ နောက်ဆုံးထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ခြင်းလုံးနှင့် ဗိုဗီနမ်အားကစားနည်းများမှ ရွှေတံဆိပ်ဆု တစ်ခုစီ ထပ်မံဆွတ်ခူးရရှိ

**ကမ္ဘောဒီးယား မေ ၈**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ခြင်းလုံး(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များကို မေ ၇ ရက်တွင် ဖနောင်ပင် မြို့ရှိ Basketball Hall NSTC ၌ ကျင်းပခဲ့ပြီး မြန်မာအသင်းက ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည်။

အမျိုးသမီး Same Stroke Chinlone Event–2 ပြိုင်ပွဲ ပွဲစဉ်တွင်(ကမ္ဘောဒီးယား၊ မြန်မာနှင့် လာအို)နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ ရမှတ် ၂၂၁ မှတ်ဖြင့် ပထမ (ရွှေတံဆိပ်ဆု)၊ ကမ္ဘောဒီးယားနိုင်ငံမှ ဒုတိယ (ငွေတံဆိပ်ဆု)၊ လာအိုနိုင်ငံမှ တတိယ (ကြေးတံဆိပ်ဆု) ကို လည်းကောင်း၊ အမျိုးသား/အမျိုးသမီး Event –2 (Mixed Team ) ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ မြန်မာနှင့် လာအိုနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ ရမှတ် ၁၉၈ မှတ်ဖြင့် ဒုတိယ(ငွေတံဆိပ်ဆု)ကိုလည်းကောင်း၊ အမျိုးသား Same Stroke Chinlone Event–2 ပြိုင်ပွဲ ပွဲစဉ်တွင်(ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်းနှင့် မလေးရှား)နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ ရမှတ် ၁၇၄ မှတ်ဖြင့် တတိယ (ကြေးတံဆိပ်ဆု) ကို လည်းကောင်း ရရှိခဲ့သည်။

ခြင်းလုံးအားကစားပြိုင်ပွဲများ အပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ဗိုဗီနမ် (အမျိုးသား/အမျိုးသမီး) အားကစားပြိုင်ပွဲ ပွဲစဉ်များကို Chroy Changvar Convention Centre, Hall (F) ၌ ကျင်းပရာ ဗိုဗီနမ်အမျိုးသား နှစ်ယောက်တွဲ အပြပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ ပထမ(ရွှေတံဆိပ်ဆု)၊ ဗီယက်နမ်နိုင်ငံမှ ဒုတိယ (ငွေတံဆိပ်ဆု)၊ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ပူးတွဲ တတိယ(ကြေးတံဆိပ်ဆု)ကို ရရှိကြသည်။

ဆက်လက်၍ဗိုဗီနမ်အားကစားနည်း (အမျိုးသမီး) လက်သိုင်းအပြပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသမီး ၆၀ ကီလိုပြိုင်ပွဲတွင် တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသား ၆၀ ကီလိုပြိုင်ပွဲတွင် တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသမီး ဓားတစ်လက် အပြပြိုင်ပွဲတွင် တတိယ(ကြေးတံဆိပ်ဆု)၊ ဓားအတိုက် အမျိုးသားနှစ်ယောက်တွဲ အပြပြိုင်ပွဲတွင် တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသား သုံးယောက်/အမျိုးသမီး သုံးယောက် အသင်းလိုက် အပြပြိုင်ပွဲတွင် တတိယ(ကြေးတံဆိပ်ဆု)၊ အမျိုးသမီး လေးယောက်တွဲ ဓားတစ်လက် အပြပြိုင်ပွဲတွင် တတိယ (ကြေးတံဆိပ်ဆု) များ ရရှိခဲ့ကြသည်။



ထို့နောက် အပစ် – Women Single Shooting ပြိုင်ပွဲ၌ ပထမ (ရွှေတံဆိပ်ဆု) ရရှိသူနှင့် ဒုတိယ (ငွေတံဆိပ်ဆု)၊ တတိယ (ကြေးတံဆိပ်ဆု) ရရှိကြသူများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး OLYMPIC STADIUM, PRINCE STADIUM ၌ ကျင်းပလျက်ရှိသည့် ဘောလုံး (အမျိုးသား) ပြိုင်ပွဲအား သွားရောက်ကြည့်ရှုအားပေးခဲ့ကာ မြန်မာအသင်းက အိမ်ရှင်ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မေ ၇ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် စစ်တုရင်၊ ဗိုဗီနမ်၊ ခြင်းလုံး၊ တင်းနစ်၊ ဘိလိယက်၊ ခွန်ခမာ၊ လက်ဝှေ့၊ ဘောလုံးနှင့် ဘော်လီဘော အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် ရှစ်ခု ထပ်မံရရှိခဲ့သည်။

အလားတူ မေ ၈ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဗိုဗီနမ်(ခွန်ဘိုကာတာ)၊ စစ်တုရင်၊ ဗိုဗီနမ်၊ ခြင်းလုံး၊ ဘိလိယက်၊ ပြေးခုန်ပစ်၊ ခွန်ခမာ၊ ဘော်လီဘောနှင့် လက်ဝှေ့ အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံက ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ယနေ့အထိ မြန်မာနိုင်ငံမှ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် ၁၈ ခု စုစုပေါင်း ဆုတံဆိပ် ၂၅ ခု ဆွတ်ခူးရရှိထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများ ယနေ့ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း မလေးရှားကို အနိုင်ကစားရမည်

**ရန်ကုန် မေ ၈**

(၃၂) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို မေ ၉ ရက်(ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ရန် မလေးရှားအသင်းကို အနိုင်ကစားရမည်ဖြစ်သည်။

အုပ်စုနောက်ဆုံးနေ့ပွဲများကို တစ်ချိန်တည်း ကစားမည်ဖြစ်ပြီး ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အုပ်စု (A) နောက်ဆုံးနေ့အဖြစ် မြန်မာနှင့် မလေးရှား၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင်မူ အုပ်စု (B) နောက်ဆုံးနေ့အဖြစ် စင်ကာပူနှင့်လာအို၊ထိုင်းနှင့်ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု (A) တွင် ဗီယက်နမ်အသင်းက ခြောက်မှတ်၊ ဖိလစ်ပိုင်နှင့် မြန်မာအသင်းက သုံးမှတ်စီရထားပြီး မလေးရှားအသင်းသည် အမှတ်မရသေးပေ။ ဗီယက်နမ်အသင်းသည် အနိမ့်ဆုံးသရေကစားရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်မည်ဖြစ်ပြီး မြန်မာအသင်းမှာမူ မလေးရှားအသင်းကို အနိုင်သုံးမှတ်အပြင် ဂိုးများများသွင်းယူနိုင်ရန်လည်း လိုအပ်နေသည်။ အကယ်၍ ဖိလစ်ပိုင်အသင်း အနိုင်ရပါက ခြောက်မှတ် သုံးသင်းဖြစ်နိုင်သဖြင့် မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် ဂိုးပြတ်သွင်းယူနိုင်ရန် လိုအပ်နေသည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲတွင် ဖိလစ်ပိုင်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲတွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အရေးနိမ့်ထားသည်။ မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်သည့် အကြိမ်တိုင်း အနိမ့်ဆုံး ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။

အုပ်စု (B) တွင် ထိုင်းနှင့် အိမ်ရှင်ကမ္ဘောဒီးယားအသင်းတို့မှာ ဆီမီးဖိုင်နယ်တက်ရောက်ထားပြီး အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

| (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု ၈ - ၅ - ၂၀၂၃ | | | | | |
|---|---|---|---|---|---|
| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
| ၁ | ကမ္ဘောဒီးယား | ၃၇ | ၃၁ | ၃၂ | ၁၀၀ |
| ၂ | ဗီယက်နမ် | ၃၀ | ၂၉ | ၃၅ | ၉၄ |
| ၃ | ထိုင်း | ၂၈ | ၂၁ | ၃၃ | ၈၂ |
| ၄ | အင်ဒိုနီးရှား | ၂၂ | ၁၉ | ၄၃ | ၈၄ |
| ၅ | ဖိလစ်ပိုင် | ၁၈ | ၃၀ | ၃၂ | ၈၀ |
| ၆ | စင်ကာပူ | ၁၅ | ၁၁ | ၁၄ | ၄၀ |
| ၇ | မလေးရှား | ၁၀ | ၁၃ | ၂၄ | ၄၇ |
| ၈ | မြန်မာ | ၈ | ၇ | ၂၃ | ၃၈ |
| ၉ | လာအို | ၄ | ၇ | ၂၇ | ၃၈ |
| ၁၀ | ဘရူနိုင်း | ၀ | ၁ | ၂ | ၃ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

ကျော်လင်း-စုစည်းသည်

## ဖိလစ်ပိုင်နှင့် နောက်ဆုံးပွဲကို ဗိုလ်လုပွဲကဲ့သို့ ကစားမည်ဟု မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပြောကြား

**ရန်ကုန် မေ ၈**

မြန်မာ ယူ–၂၂ အသင်းနည်းပြချုပ်ဖြစ်သူ ဂျာမနီနိုင်ငံသား ဖိုက်အွန်ဘိုင်နာက ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် ဖိလစ်ပိုင်အသင်းနှင့် အုပ်စုနောက်ဆုံးပွဲကို ဗိုလ်လုပွဲကဲ့သို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




မြန်မာ ယူ–၂၂ အသင်းသည် မေ ၇ ရက်က ယှဉ်ပြိုင်ကစားသည့် အိမ်ရှင်ကမ္ဘောဒီးယားအသင်းနှင့်ပွဲတွင် အနိုင်ရခဲ့သဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းသွားပြီး မေ ၁၀ ရက် ကစားမည့် ဖိလစ်ပိုင်အသင်းနှင့် အုပ်စုနောက်ဆုံးပွဲတွင် အနိုင်ရပါက ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သည်။

“ဒီနေ့ပွဲ အနိုင်ရလဒ် စွမ်းဆောင်ပေးတဲ့ ကစားသမားတွေအားလုံးရဲ့ စွမ်းဆောင်မှုကို ကျေနပ်ပါတယ်။ ပထမပိုင်းမှာ ကစားပုံ အလွန်ကောင်းခဲ့ပြီး ဂိုးလည်းရခဲ့သလို ဖန်တီးမှုတွေလည်း ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ အိမ်ရှင်အသင်းရဲ့ တိုက်စစ်ကို စနစ်တကျထိန်းပြီး ကစားနိုင်ခဲ့ပါတယ်။ ဆီမီးဖိုင်နယ်တက်ဖို့ ဖိလစ်ပိုင်နဲ့ ပွဲစဉ်ကို ဗိုလ်လုပွဲတစ်ပွဲလို ကျွန်တော်တို့ ကစားသွားမှာပါ။ ဖိလစ်ပိုင်အသင်းကလည်း အမှတ်အလကားပေးမှာ မဟုတ်ဘူး။ သူတို့ ဖိအားမရှိဘဲ ကျွန်တော်တို့ကို ကစားမှာပါ။ ကျွန်တော်တို့မှာတော့ နိုင်မှဖြစ်မယ်ဆိုတဲ့ ဖိအားရှိနေပါတယ်။ ဒီလိုပြိုင်ပွဲမျိုးမှာ တစ်ပွဲချင်း သေချာစွာနဲ့ ချဉ်းကပ်ပြင်ဆင်ဖို့က အရေးကြီးပါတယ်။ ဖိလစ်ပိုင်ကို အနိုင်ရရှိမှသာ အိမ်ရှင်နဲ့ အင်ဒိုနီးရှားတို့ ပွဲကို စိတ်ချလက်ချ ထိုင်ကြည့်နေလို့ရပြီ။ အနိုင်မရခဲ့ရင်တော့ အိမ်ရှင်အသင်းရဲ့ ပွဲစဉ်ကို စောင့်ကြည့်နေရပါဦးမယ်” ဟု မြန်မာ ယူ –၂၂ အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာက ပြောကြားသည်။

အုပ်စု (က) တွင် အင်ဒိုနီးရှားအသင်းက ကိုးမှတ်ဖြင့် ဆီမီးဖိုင်နယ်တက်ရောက်သွားပြီး မြန်မာအသင်းမှာမူ သုံးပွဲကစား ခြောက်မှတ်ရရှိထားသည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ – MFF**

# ဆီးဂိမ်း Kun Bokator ပြိုင်ပွဲပြီးဆုံး၊ မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် ခြောက်ခု ဆွတ်ခူးရရှိ

နေပြည်တော် မေ ၈

**ဆီးဂိမ်း Kun Bokator ပြိုင်ပွဲနောက်ဆုံးနေ့ကို မေ ၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာအားကစားအဖွဲ့က ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိပြီး ပြိုင်ပွဲအပြီးတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် ခြောက်ခု ဆွတ်ခူးရရှိခဲ့သည်။**


အမျိုးသားနှစ်ယောက်+အမျိုးသမီးတစ်ယောက် အတွဲပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ပိုင်ဖေယျာဖြိုး၊ အံ့ဘွယ်ငြိမ်းနှင့် နီလာစိုးဦးအတွဲ။

မြန်မာ Kun Bokator အားကစားအဖွဲ့သည် မေ ၈ ရက်ပွဲစဉ်များတွင် ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးသုံးခု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာ Kun Bokator အားကစားအဖွဲ့အတွက် ပထမဆုံး ရွှေတံဆိပ်ဆုကို အမျိုးသားနှစ်ယောက် + အမျိုးသမီးတစ်ယောက် အတွဲပြိုင်ပွဲတွင် ပိုင်ဖေယျာဖြိုး၊ အံ့ဘွယ်ငြိမ်းနှင့် နီလာစိုးဦးအတွဲက ရမှတ် ၈ ဒသမ ၆၆၅၈ မှတ်ဖြင့် ရယူနိုင်ခဲ့ပြီး ကမ္ဘောဒီးယား အတွဲက ၈ ဒသမ ၄၉၉၂ မှတ်ဖြင့် ငွေတံဆိပ်၊ လာအိုအတွဲက ၈ ဒသမ ၁၆၅၉ မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။ မြန်မာ Kun Bokator အားကစားအဖွဲ့အတွက် ငွေတံဆိပ်ဆုကို အမျိုးသမီးလက်သိုင်းအပြပြိုင်ပွဲတွင် သိင်္ဂီဝင်းကျော်၊ ကြေးတံဆိပ်ဆုများကို အမျိုးသား ဓားကောက်စွမ်းရည်ပြပြိုင်ပွဲတွင် အံ့ဘွယ်ငြိမ်း၊ အမျိုးသမီး သုံးယောက်တွဲစွမ်းရည်ပြပြိုင်ပွဲတွင် ဝတ်ရည်ဦး၊ မြတ်နိုးဝေနှင့် သိင်္ဂီဝင်းကျော်အတွဲ၊ အမျိုးသား နှစ်ယောက်တွဲ စွမ်းရည်ပြပြိုင်ပွဲတွင် အောင်ပြည့်စုံနှင့် ခန့်လွန်းဇော်အတွဲတို့က ရယူနိုင်ခဲ့သည်။

ဆီးဂိမ်း Kun Bokator ပြိုင်ပွဲကို မေ ၄ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ပြီး မြန်မာ Kun Bokator အားကစားအဖွဲ့သည် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် ခြောက်ခု ဆွတ်ခူးရရှိခဲ့သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

# ဆီးဂိမ်း ဗိုဗီနမ်ပြိုင်ပွဲ တတိယနေ့တွင် မြန်မာဗိုဗီနမ်အဖွဲ့ ရွှေတစ်ခုအပါအဝင် ဆုတံဆိပ်ငါးခု ထပ်မံဆွတ်ခူး

**နေပြည်တော် မေ ၈**

(၃၂) ကြိမ်မြောက် ဆီးဂိမ်းဗိုဗီနမ်ပြိုင်ပွဲ တတိယနေ့ကို မေ ၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာဗိုဗီနမ်အဖွဲ့ ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ထပ်မံ ဆွတ်ခူးရရှိခဲ့သည်။


ရွှေတံဆိပ်ဆုရ အိုက်စိုးလင်း

မြန်မာဗိုဗီနမ် အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသား ဓားတစ်လက်အပြပြိုင်ပွဲတွင် အိုက်စိုးလင်းက ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ရမှတ် ၄၄၉ မှတ်ဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဗီယက်နမ်ကစားသမားက ရမှတ် ၄၄၇ မှတ်ဖြင့် ငွေတံဆိပ်၊ ထိုင်းကစားသမားက ရမှတ် ၄၃၇ မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။ မြန်မာဗိုဗီနမ်အဖွဲ့အတွက် ငွေတံဆိပ်ဆုများကို အမျိုးသား တုတ်ရှည်အပြပြိုင်ပွဲတွင် တင်ထူးဇော်၊ အမျိုးသမီး ဓားမောက်အပြပြိုင်ပွဲတွင် အိန္ဒြေဖူး၊ ကြေးတံဆိပ်ဆုများကို အမျိုးသား နှစ်ယောက်တွဲအပြပြိုင်ပွဲတွင် အောင်ခိုင်လင်းနှင့် ဟိန်းထက်အောင်အတွဲနှင့် အမျိုးသမီး Self-Defence ပြိုင်ပွဲတွင် ချစ်နိုဒီဆောင်းတို့က ရယူပေးခဲ့ခြင်း ဖြစ်သည်။

မြန်မာ ဗိုဗီနမ်အဖွဲ့သည် ပြိုင်ပွဲသုံးရက်ဆက်တိုက် ရွှေတံဆိပ်ဆုရယူနိုင်ခဲ့ပြီး တတိယနေ့တွင်လည်း ဆုတံဆိပ် ငါးခု ထပ်မံဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲတတိယနေ့အပြီးတွင် မြန်မာဗိုဗီနမ်အဖွဲ့က ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် ၁၃ ခု ဆွတ်ခူးရရှိထားသည်။ ဗိုဗီနမ်ပြိုင်ပွဲ နောက်ဆုံးနေ့ကို မေ ၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ရဲရင့်လွင်**

**ဓာတ်ပုံ-အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

# ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (ခ)တွင် လက်ရှိချန်ပီယံ ဗီယက်နမ်နှင့် ထိုင်းအသင်း ဆီမီးတက်ရောက်

**နေပြည်တော် မေ ၈**

(၃၂)ကြိမ်မြောက် ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (ခ) စတုတ္ထနေ့ကို မေ ၈ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့ သုံးပွဲဆက်အနိုင်ရပြီး ဆီမီးဖိုင်နယ် တက်ရောက် သွားသည်။

စတုတ္ထနေ့တွင် ထိုင်းအသင်းက လာအိုအသင်းကို လေးဂိုး-တစ်ဂိုး၊ ဗီယက်နမ်အသင်းက မလေးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထိုင်းအသင်းသည် လာအိုအသင်းကို ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ယခုပွဲအပြီးတွင် ထိုင်းအသင်းနှင့် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းက သုံးပွဲစလုံးအနိုင်ရကာ ရမှတ် ကိုးမှတ်စီဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ပြီး ထိပ်တိုက်တွေ့ဆုံမည့် နောက်ဆုံးပွဲတွင် အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ သုံးပွဲကစား သုံးမှတ်ရထားသည့် မလေးရှားအသင်း၊ သုံးပွဲကစား တစ်မှတ်ရထားသည့် စင်ကာပူအသင်း၊ ပွဲကုန်လေးပွဲကစား တစ်မှတ်ရခဲ့သည့် လာအိုအသင်းတို့မှာ အုပ်စုအဆင့်မှထွက်ခဲ့ရပြီဖြစ်သည်။ အုပ်စု (ခ) နောက်ဆုံးနေ့ကို မေ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**

**(၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးအသင်း အုပ်စု (ခ) ရပ်တည်မှု**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | အရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ထိုင်း | ၃ | ၃ | ၀ | ၀ | ၉ |
| ၂ | ဗီယက်နမ် | ၃ | ၃ | ၀ | ၀ | ၉ |
| ၃ | မလေးရှား | ၃ | ၁ | ၀ | ၂ | ၃ |
| ၄ | စင်ကာပူ | ၃ | ၀ | ၁ | ၂ | ၁ |
| ၅ | လာအို | ၄ | ၀ | ၁ | ၃ | ၁ |

❖*ကျောဖုံးမှ*

ကျင်းပသည့် ပြိုင်ပွဲအမျိုးအစား သုံးမျိုးစလုံးတွင် ဆုတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာခြင်းလုံးအသင်းအတွက် ရွှေတံဆိပ်ဆုကို Linking Event-3 အမျိုးသား+အမျိုးသမီးပြိုင်ပွဲ တွင် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ရမှတ်စုစုပေါင်း ၄၅၉ မှတ်ရရှိခဲ့သည်။ လာအိုအသင်းက ရမှတ် ၃၅၆ မှတ်ဖြင့် ငွေတံဆိပ်၊ ကမ္ဘောဒီးယားအသင်းက ၂၄၃ မှတ်ဖြင့် ကြေးတံဆိပ်ရရှိသည်။ Linking Event-3 အမျိုးသားပြိုင်ပွဲတွင် လာအိုအသင်းက ရမှတ် ၄၁၉ မှတ်ဖြင့် ရွှေတံဆိပ်၊ မြန်မာအသင်းက ရမှတ် ၄၀၇ မှတ်ဖြင့် ငွေတံဆိပ်၊ မလေးရှားအသင်းက ရမှတ် ၃၁၄ မှတ်ဖြင့် ကြေးတံဆိပ်ရရှိသည်။ Linking Event-3 အမျိုးသမီးပြိုင်ပွဲတွင် ထိုင်းအသင်းက ရမှတ် ၃၁၇ မှတ်ဖြင့် ရွှေတံဆိပ်၊ မြန်မာအသင်းက ရမှတ် ၃၀၉ မှတ်ဖြင့် ငွေတံဆိပ်၊ လာအို အသင်းက ရမှတ် ၂၅၄ မှတ်ဖြင့် ကြေးတံဆိပ်ရရှိသည်။

မြန်မာခြင်းလုံးအသင်းသည် ပြိုင်ပွဲများဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဆီးဂိမ်း ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲ ယနေ့ကျင်းပမည်ဖြစ်ပြီး ပေါက်စနှင့် ပီတာဂေးလ်ခရစ် တွေ့ဆုံ

**နေပြည်တော် မေ ၈**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပနေသည့် (၃၂)ကြိမ်မြောက် ဆီးဂိမ်း ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၉ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ မြန်မာဘိလိယက်ကစားသမား ပေါက်စနှင့် စင်ကာပူနာမည်ကြီးကစားသမား ပီတာဂေးလ်ခရစ်တို့ တွေ့ဆုံနေသည်။

ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၈ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင် ဘိလိယက်ကစားသမား ပေါက်စ ဗိုလ်လုပွဲ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ပေါက်စနှင့် ပီတာဂေးလ်ခရစ်သည် ဆီးဂိမ်း ဘိလိယက်တစ်ဦးချင်း ဗိုလ်လုပွဲတွင် နှစ်ကြိမ်ဆက်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့်ဆီးဂိမ်းပြိုင်ပွဲတွင် ပေါက်စက အနိုင်ရရှိပြီး ရွှေတံဆိပ်ရရှိခဲ့သည်။ ပေါက်စသည် ကွာတားဖိုင်နယ်အဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး ကွာတားဖိုင်နယ်တွင် ဗီယက်နမ်ကစားသမား ဖန်ငုယင်ထရန်ကို သုံးပွဲပြတ်၊ ဆီမီးဖိုင်နယ်တွင် ထိုင်းကစားသမား ယူတာပေါ့ကို သုံးပွဲပြတ်တို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပီတာဂေးလ်ခရစ်သည် ကွာတားဖိုင်နယ်တွင် ဗီယက်နမ်ကစားသမား ငုယင်ထရောင်ကို သုံးပွဲပြတ်၊ ဆီမီးဖိုင်နယ်တွင် ထိုင်းနာမည်ကြီးကစားသမား ပရာပွတ်ကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့သည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာဘိလိယက်ကစားသမား ဇော်သန်းထိုက်သည် ကွာတားဖိုင်နယ်တွင် ထိုင်းနာမည်ကြီး ဘိလိယက်ကစားသမား ပရာပွတ်ကို သုံးပွဲ-နှစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ**

# စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲတွင် ဟိန်းလွင်မိုးက ဆီမီးဖိုင်နယ်နှင့် Pool 9 Ball ပြိုင်ပွဲတွင် ဘုန်းမြင့်ကျော်က ကွာတားဖိုင်နယ်သို့တက်ရောက်

**နေပြည်တော် မေ ၈**

ဆီးဂိမ်း စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲနှင့် Pool 9 Ball ပြိုင်ပွဲတို့ကို မေ ၈ ရက်က ဆက်လက် ကျင်းပရာ မြန်မာကစားသမားများ နိုင်ပွဲရရှိခဲ့ပြီး စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲတွင် ဟိန်းလွင်မိုးက ဆီမီးဖိုင်နယ်နှင့် Pool 9 Ball ပြိုင်ပွဲတွင် ဘုန်းမြင့်ကျော်က ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကစားသမား ဟိန်းလွင်မိုး ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဟိန်းလွင်မိုးသည် ၁၆ ဦးရှုံးထွက်အဆင့်မှ စတင်ကစားခဲ့ရပြီး ဖိလစ်ပိုင်ကစားသမား ရိုဒါကို ၅-၃ ပွဲ၊ ကွာတားဖိုင်နယ်တွင် အင်ဒိုနီးရှားကစားသမား ခရစ္စတန်တိုကို ၅-၂ ပွဲဖြင့် အနိုင်ရခဲ့သည်။ ဟိန်းလွင်မိုးသည် ဆီမီးဖိုင်နယ်တွင် မလေးရှားကစားသမား မိုကီးဟိုနှင့် တွေ့ဆုံနေပြီး မေ ၉ ရက် **(ယနေ့)** ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ Pool 9 Ball ပြိုင်ပွဲတွင်မူ မြန်မာကစားသမား ဘုန်းမြင့်ကျော်သည် ၁၆ ဦးရှုံးထွက်အဆင့်တွင် ဖိလစ်ပိုင် ကစားသမား ဂျိုဟန်ချူအာကို ၉-၈ ပွဲဖြင့် အနိုင်ယူပြီး ကွာတားဖိုင်နယ် တက်ရောက်သွားသည်။ ဘုန်းမြင့်ကျော်သည် ကွာတားဖိုင်နယ်တွင် အင်ဒိုနီးရှားကစားသမား အစ္စမေးလ်နှင့် တွေ့ဆုံနေပြီး မေ ၉ ရက် **(ယနေ့)** တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# မသန်သော်လည်း စွမ်းဆောင်မှုဖြင့် နိုင်ငံ့ဂုဏ်ဆောင်နေကြသည့် မသန်စွမ်းအားကစားသမားများ

– – – ဝင်းမြင့် (M P S F) – – –

လူမှုဘဝတွင် အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းသူ ဖြစ်နေကြသူများရှိရာ ဘဝကိုအရှုံးမပေးဘဲ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ကျော်ဖြတ်ပြီး ဘဝရပ်တည်မှုကို ကြိုးစားနေထိုင်လျက်ရှိကြပါသည်။ ယင်းတို့အနက်မှ မသန်သော်လည်း စွမ်းဆောင်မှုဖြင့် မိမိဘဝရပ်တည်မှုကို ရင်ဆိုင်ကျော်ဖြတ်ရုံမက နိုင်ငံ၏ဂုဏ်ကို ဆောင်ပေးနေသော မသန်စွမ်း အားကစားအကြောင်းကို ဖော်ပြလိုပါသည်။

**မသန်စွမ်းအားကစားပြိုင်ပွဲများ**

လူမှုနယ်ပယ်တွင် မသန်စွမ်းသူများ၏ မသန်သော်လည်း စွမ်းဆောင်နိုင်သည့် ကိစ္စရပ်များ များစွာရှိရာ အထူးသဖြင့် မသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုများကို အားကစားပြိုင်ပွဲများ၌ အထင်အရှား တွေ့မြင်နိုင်ပါသည်။ **ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲ**တွင် Olympic Games ပြိုင်ပွဲပြီးပါက Paralympic Games ကိုလည်းကောင်း၊ **အာရှအဆင့်အားကစားပြိုင်ပွဲ**တွင် Asia Games ပြိုင်ပွဲပြီးပါက FESPIC Games (Far East & South Pacific Games)/ Asian Para Games ကိုလည်းကောင်း၊ **အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲ**တွင် SEA Games ပြိုင်ပွဲပြီးပါက ASEAN Para Game ကိုလည်းကောင်း တာဝန်ယူကျင်းပသောနိုင်ငံ၊ ကျင်းပသောမြို့တွင် Able Persons ပြိုင်ပွဲပြီးပါက Disable Persons ပြိုင်ပွဲများကို ရက်ပိုင်းသာခြားပြီး ကျင်းပဆောင်ရွက်ကြပါသည်။ သန်စွမ်းသူ ကစားသမားများကဲ့သို့ပင် မသန်စွမ်းသူ ကစားသမားများကလည်း စွမ်းဆောင်မှုဖြင့် မိမိနိုင်ငံ၏ဂုဏ်ကို မြှင့်တင်ကြပါသည်။

မြန်မာ့မသန်စွမ်း ကစားသမားများသည် ကမ္ဘာ့အဆင့်၊ အာရှအဆင့်၊ အရှေ့တောင်အာရှအဆင့် ပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အောင်နိုင်မှုဆုတံဆိပ်များရရှိကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့မှုများ ရှိပါသည်။

၂၀၂၃ ခုနှစ် ဇွန် ၃ ရက်မှ ၉ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ (12th ASEAN Para Games) ကို မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ မသန်စွမ်းအားကစားသမားများက အားကစားနည်းရှစ်မျိုးဖြင့် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ပါသည်။ ယှဉ်ပြိုင်မည့် အားကစားနည်းရှစ်မျိုးမှာ ပြေးခုန်ပစ်၊ ရေကူး၊ ဘောလုံး၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ Goal Ball၊ အလေးမ၊ စစ်တုရင်တို့ဖြစ်သည်။

ကိုယ်အင်္ဂါ ခြေ/လက် မသန်စွမ်းသူ၊ ကိုယ်အင်္ဂါ ခြေ/လက်စွန့်လွှတ်ထားရသူ၊ ပိုလီယိုအကြောသေဖြစ်သူ၊ မသန်စွမ်းကစားသမားများက ပြေးခုန်ပစ်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ အလေးမကစားနည်းများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ သူငယ်နာအကြောတင်းဖြစ်သူ အားကစားသမားများသာ ဘောလုံးကစားနည်းတွင် ယှဉ်ပြိုင်ခွင့်ရှိပြီး Goal Ball နှင့် စစ်တုရင်ကစားနည်းများကို မျက်စိအမြင်အာရုံချို့ယွင်းသူများကသာ ယှဉ်ပြိုင်ခွင့်ရှိသည်။

မသန်စွမ်းမှုအဆင့်များကို ဆေးစစ်သတ်မှတ်ချက်ဖြင့် သတ်မှတ်ပေးပြီး အဆင့်တူသူ အချင်းချင်းကိုသာ ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ ဥပမာအဖြစ် ဒူးအောက် စွန့်လွှတ်ထားသူနှင့် ဒူးအထက် စွန့်လွှတ်ထားသူများကို ခွဲခြား၍ အဆင့်တူသူအချင်းချင်းသာ ယှဉ်ပြိုင်စေခြင်း၊ လက်စွန့်လွှတ်ထားသူနှင့် ခြေထောက်စွန့်လွှတ်ထားသူများကို ခွဲခြား၍ အဆင့်အတူ အချင်းချင်းသာ ယှဉ်ပြိုင်စေခြင်းပုံစံဖြစ်ပါသည်။

ASEAN Para Games တွင် မြန်မာ့ မသန်စွမ်း အားကစားသမားများ သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင် ကစားနည်းရှစ်မျိုးကို အကျဉ်းမျှ မိတ်ဆက်ဖော်ပြပေးလိုပါသည် –

**ပြေးခုန်ပစ်ကစားနည်း**

ပြေးခုန်ပစ်ကစားနည်း (Athletics) ပြိုင်ပွဲများတွင် အပြေးနှင့် အခုန်ပွဲစဉ် ယှဉ်ပြိုင်မှုများ၌ Able Person များနှင့် သဘာဝချင်း မကွာခြားသော်လည်း အပစ်ပြိုင်ပွဲများတွင်မူ အသုံးပြုသည့် သံလုံး၊ သံပြားများ၏ အရွယ်အစား၊ အလေးချိန်မှာ အနည်းငယ်ကွာခြားမှုရှိသည်။ မသန်စွမ်းမှုအရ ရပ်ပစ်ခြင်း၊ ပစ်စင်ခုံ (Throwing Device) ဖြင့် ထိုင်ပစ်၍ ယှဉ်ပြိုင်ရခြင်းလည်း ကွဲပြားပါသည်။ အပြေးနှင့် အခုန်တွင် Able Person များထက် ပွဲစဉ်ပိုများပါသည်။ အကြောင်းမှာ မသန်စွမ်းမှု အဆင့်တူသူချင်းကိုသာ ယှဉ်ပြိုင်ရ၍ ဖြစ်သည်။ ဥပမာ မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် Able Person ၌ ကျား/မ နှစ်ပွဲသာရှိပြီး Disable Persons တွင် မသန်စွမ်းမှုအဆင့်အလိုက် ဒူးအောက် နှစ်ဖက်၊ ဒူးအောက် တစ်ဖက်၊ ဒူးအထက် နှစ်ဖက်၊ ဒူးအထက် တစ်ဖက်၊ လက်တစ်ဖက်၊ လက်နှစ်ဖက်၊ မျက်မမြင် (လုံးဝမမြင်၊ တစ်စိတ်တစ်ပိုင်းမြင်) စသည်ဖြင့် ကွဲပြားပြီး ကျား/မဖြစ်၍ ပွဲစဉ်များ များပြားပါသည်။ အပြေး၊ အခုန်၊ အပစ် အားလုံးပေါင်းက ပွဲစဉ်ပိုများပါသည်။

**ရေကူးကစားနည်း**

ရေကူးကစားနည်း (Para Swim–ming) မှာလည်း ပြေးခုန်ပစ်ကဲ့သို့ပင် မသန်စွမ်းမှုအလိုက် အဆင့်ခွဲခြား၍ ပြိုင်ပွဲများ ယှဉ်ပြိုင်ရသည်။ ကူးနည်းလေးမျိုးစလုံး ယှဉ်ပြိုင်နိုင်ပြီး Able Person ကဲ့သို့ အတူတူပင်ဖြစ်သည်။ ထူးခြားမှုမှာ မျက်စိအာရုံချို့တဲ့သူများလည်း ယှဉ်ပြိုင်နိုင်သည့် ပွဲစဉ်များလည်း ပါဝင်သည်။

**အလေးမကစားနည်း**

အလေးမကစားနည်း (Para Power Lifting)သည် သန်စွမ်းသူများကဲ့သို့ ရပ်လျက် အလေးမရခြင်းပုံစံမဟုတ်ဘဲ ပက်လက်လှန်၍ ရင်ဘတ်အပေါ်သို့ နည်းစနစ်မှန်ကန်စွာ မတင်တွန်းတင်ရသော ကစားနည်းဖြစ်သည်။ ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ရပြီး မတင်မှုနည်းစနစ်မှန်ကန်ရန် အလွန်အရေးကြီးသည်။

**ထိုင်လျက်ဘော်လီဘောကစားနည်း**

ထိုင်လျက်ဘော်လီဘောကစားနည်း (Sitting Volley Ball)မှာ ထူးခြားသော ကစားနည်းတစ်ခုဖြစ်သည်။ ထိုင်လျက်ကစားနည်းဖြစ်၍ သာမန်ကွင်းများထက် ကွင်းကျဉ်းခြင်း၊ ပိုက်နိမ့်ခြင်းမှလွဲ၍ တစ်ဖက်ခြောက်ဦး ကစားခြင်း၊ Libro ကစားသမားပါဝင်နိုင်ခြင်း၊ လှည့်ကစားရခြင်း၊ ဘောလုံးအရွယ်အစားနှင့် အမှတ်ပေးစည်းမျဉ်းများ၊ စပေးဘောကစားခြင်း၊ ရိုက်ခုတ်ခြင်း၊ ကာခြင်း၊ ဆယ်မခြင်း စသည်တို့မှာ သာမန်ဘော်လီဘော ပြိုင်ပွဲကဲ့သို့ အတူတူပင်ဖြစ်သည်။ ထူးခြားချက်မှာ In Play ကစားစဉ် ဘောလုံးနှင့် မထိတွေ့မီ အဆင်ပြေသလို ရွေ့လျားနိုင်သော်လည်း ဘောလုံးနှင့်ထိတွေ့စဉ် ခုတ်ရိုက်ခြင်း၊ ပင့်ထောင်ခြင်း၊ ပိတ်ဆို့ကာကွယ်ခြင်း စသည်များဆောင်ရွက်စဉ် တင်ပါးမကြွရပါ။ ကြမ်းပြင်နှင့် ထိနေရမည်ဖြစ်ပြီး တင်ပါးကြွကြောင်း တွေ့ရပါက ပြစ်ဒဏ်(Foul) ဖြစ်ပါသည်။ ထိုင်ကစားနည်းဖြစ်၍ ဘောလုံးအနိမ့်အကျမြန်ပြီး ကစားရခက်ခဲသောပုံစံ ဖြစ်ပါသည်။

မြန်မာမသန်စွမ်းဘော်လီဘောအသင်းသည် ASEAN Para Games ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်ရောက်မှု ငါးကြိမ်၌ ချန်ပီယံသုံးကြိမ်၊ ဒုတိယတစ်ကြိမ် ရရှိထားသည်။ အာရှအဆင့်ပြိုင်ပွဲတွင် ASIA Para Games ၌ အာရှအဆင့် (၅) အထိ အောင်မြင်မှုရရှိထားသည်။

**C P Football ဘောလုံးကစားနည်း**

C P Football ဘောလုံးကစားနည်း (Cerebral Palsy Football) သည် သူငယ်နာ အကြောတင်းဖြစ်သူများ တစ်ဖက် ခုနစ်ယောက်စီဖြင့် ကစားရသော ကစားနည်းဖြစ်သည်။ သန်စွမ်းမှုသတ်မှတ်ချက် ဆေးအဆင့်များ သတ်မှတ်ထားပြီး CP ဖြစ်ပြီး အလွန်သန်စွမ်းသူ၊ သာမန်သန်စွမ်းသူ၊ သာမန်ထက် နိမ့်သူများကို အချိုးကျသတ်မှတ်ချက် ဖွဲ့စည်းပုံ ပုံစံအတိုင်း ဖွဲ့စည်းပြီး ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ C P များဖြစ်၍ ဘောလုံးဖမ်းယူခြင်း၊ သယ်ယူခြင်း၊ ကန်ခြင်းနေရာများတွင် လိုရာမရောက် အခက်အခဲဖြစ်ရသည်။ သို့ရာတွင် လိုအပ်ချက်ကို အဆင်ပြေအောင် လေ့ကျင့်မှုဖြင့် ကြိုးပမ်းကစားကြရပါသည်။

**စစ်တုရင်ကစားနည်း**

စစ်တုရင်ကစားနည်း (Chess)ပြိုင်ပွဲမှာလည်း သာမန်လူများကဲ့သို့ ယှဉ်ပြိုင်မှုအတူတူပင်ဖြစ်သည်။ သို့ရာတွင် မျက်စိအမြင်အာရုံ ချို့ယွင်းသူများသာ ယှဉ်ပြိုင်ရသည့်ပွဲဖြစ်၍ မိမိနှင့်ပြိုင်ဘက်၏ ကစားအရုပ်များကို လက်ဖြင့်စမ်းသပ်ကာ အကွက်ရွှေ့ခြင်း တစ်ဖက်ပြိုင်ဘက်၏နောက်အကွက်ရွှေ့မည့် အခြေအနေများကို ကြိုတင်တွက်ဆရခြင်း၊ ဖြစ်လာနိုင်သော အခြေအနေပေါ် နည်းစနစ်များဖြင့် စဉ်းစားရခြင်းဖြင့် ဉာဏ်ရည်ထုတ်ပြိုင်ရသောပြိုင်ပွဲဖြစ်ပါသည်။

**Goal Ball ကစားနည်း**

Goal Ball ကစားနည်းသည် အမြင်အာရုံချို့တဲ့သူများသာ ယှဉ်ပြိုင်ကစားရပြီး ဂိုးပေါက် နှစ်ဖက်ရှိ ကွင်းတွင် တစ်ဖက် သုံးဦးစီဖြင့် ပစ်ပေါက်စဉ် အသံမြည်သည့်၊ အသံကြားရသည့် ဘောလုံးကို ပစ်ပေါက်ဂိုးသွင်းခြင်း၊

*စာမျက်နှာ ၁၇ သို့*




၂၀၂၂ ခုနှစ် (၁၁) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် မသန်စွမ်းအားကစားသမားများ ယှဉ်ပြိုင်နေစဉ်။



မသန်စွမ်းအလေးမပြိုင်ပွဲအတွက် လေ့ကျင့်နေသော မြန်မာအားကစားသမားတစ်ဦး။

**စိတ်၏လိုအပ်ချက်ကို ကိုယ်ခန္ဓာက လိုက်ပါလှုပ်ရှား ဆောင်ရွက်ရန် အခက်အခဲများစွာရှိသည်။ မသန်စွမ်းသူများမှာ ကိုယ်ခန္ဓာမသန်စွမ်းမှုကြောင့် ပို၍အခက်အခဲဖြစ်ရသည်။ မသန်စွမ်းမှုကို ဖြည့်စွက်ထိန်းညှိလျက် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းကစားကာ အကောင်းဆုံးစံချိန်ရအောင် လေ့ကျင့်နေကြသော မသန်စွမ်းကစားသမားများ၏ စိတ်ဓာတ်ကို အားပေးမြှင့်တင်ပေးမှု ပြုကြရပါမည်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၀ | ၁၉၇၀ | ၁၉၆၀ | ၁၉၃၀ | ၁၉၆၅ | ၁၉၉၀ | ၁၉၇၅ | ၁၉၅၀ | ၂၀၅၀ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၃၅ | ၂၈၁၀ |
| 95 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၀ | ၂၀၆၀ | ၂၀၈၅ | ၂၀၇၀ | ၂၀၄၅ | ၂၁၄၅ | ၂၁၆၀ | ၂၀၅၀ | ၂၀၇၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၃၃၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၈၅ | ၁၉၃၅ | ၁၉၃၀ | ၁၈၉၅ | ၁၉၃၀ | ၁၉၅၅ | ၁၉၅၀ | ၁၉၂၀ | ၂၀၄၀ | ၂၀၃၀ | ၁၉၂၅ | ၁၉၃၅ | ၁၉၇၀ | ၁၉၇၀ | ၁၉၇၅ | ၂၂၀၅ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၆၅ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၁၀ | ၂၀၃၅ | ၂၀၃၀ | ၂၀၀၀ | ၂၁၂၀ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၅ | ၂၂၈၅ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၆၅ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၁၀ | ၂၀၃၅ | ၂၀၃၀ | ၂၀၀၀ | ၂၁၂၀ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၅ | ၂၂၈၅ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၁၇ | ၁၈၈၇ |
| 95 Ron | ၁၉၀၈ | ၁၉၈၀ |
| HSD (500 ppm) | ၁၇၈၈ | ၁၈၅၃ |
| HSD (50 ppm) | ၁၈၆၂ | ၁၉၂၈ |
| HSD (10 ppm) | ၁၈၆၂ | ၁၉၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၆ ဦး တွေ့ရှိ

### ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂၈) ရာခိုင်နှုန်းရှိ

**(၈-၅-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ် - ၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ် - ၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၅-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီမှ (၈-၅-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၄၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၄၅၁,၂၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ် - ၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၆,၁၇၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၅,၁၀၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

*စာမျက်နှာ ၁၆ မှ*

ဖမ်းဆီးကာကွယ်ခြင်း ပြုလုပ်ရသည့် ကစားနည်းဖြစ်သည်။ ဘောလုံးမှ ထွက်လာသောအသံကို အာရုံစိုက်၍ လှုပ်ရှားကစားရသော ကစားနည်းဖြစ်၍ In Play ကစားနေစဉ် ကွင်းအတွင်းရှိသူအားလုံး အသံတိတ်ပေးရန် အဓိက လိုအပ်ချက်ဖြစ်သည်။ မျက်မမြင် ကစားသမားများဖြစ်၍ ပြင်ပဆူညံသံကြောင့် ဘောလုံးမှ ထွက်လာသော အသံနှင့် ရောထွေးကာ အနှောင့်အယှက်ဖြစ်စေနိုင်၍ အသံတိတ်ဖြင့် နေရခြင်းဖြစ်သည်။

**စားပွဲတင်တင်းနစ်ကစားနည်း**

စားပွဲတင်တင်းနစ် ကစားနည်း (Table Tennis) ပြိုင်ပွဲမှာလည်း သက်ဆိုင်ရာ မသန်စွမ်းမှုများအလိုက် ပြိုင်ပွဲများ ကျင်းပပေးပါသည်။ သာမန်ပြိုင်ပွဲစည်းကမ်းများအတိုင်းပင် ဖြစ်သည်။

မသန်စွမ်းသူများ ယှဉ်ပြိုင်ရမည့် ကစားနည်းများဖြစ်၍ အချို့နေရာများတွင် အထောက်အကူပြုပစ္စည်းများ၊ ကိရိယာများ တပ်ဆင်အသုံးပြုနိုင်ခြင်း၊ အသုံးပြုရခြင်းများ ရှိသည်။ ခြေတုအတွက် ယခင်က သာမန်လမ်းလျှောက်ရုံ ဆောင်ရွက်ထားသည့် ခြေတုနေရာတွင် ထူးခြားသော အာနိသင်ရှိသည့် သတ္တုဖြင့် ပြုလုပ်ထားသော ပြိုင်ပွဲဝင်ခြေတုများ အသုံးပြုနိုင်ပါသည်။ ခြေတု၏ အဆင့်မြင့်ကောင်းမွန်မှုပေါ် မူတည်၍ ခြေတုတစ်ချောင်း၏ တန်ဖိုးမှာလည်း မြင့်မားပါသည်။ ခြေတု၏ စွမ်းဆောင်ပေးမှုကလည်း အံ့မခန်းပင်ဖြစ်သည်။ ဥပမာအားဖြင့် အမျိုးသား-မီတာ(၁၀၀) အပြေးပြိုင်ပွဲတွင် ဒူးအောက် တစ်ဖက်မရှိသူက ၁၀ ဒသမ ၇၂ စက္ကန့်စံချိန်ရရှိခြင်း၊ အမျိုးသား-မီတာ(၂၀၀) အပြေးပြိုင်ပွဲတွင် ဒူးအောက်တစ်ဖက်မရှိသူက ၂၁ ဒသမ ၄၃ စက္ကန့်စံချိန်ရရှိခြင်း၊ အမျိုးသား-မီတာ(၄၀၀) အပြေးပြိုင်ပွဲတွင် ဒူးအောက် နှစ်ဖက်မရှိသူက ၄၅ ဒသမ ၈၅ စက္ကန့်စံချိန်ရရှိခြင်း၊ အမျိုးသား-အလျားခုန်ပြိုင်ပွဲတွင် ဒူးအောက်တစ်ဖက်မရှိသူက ၈ ဒသမ ၂၁ မီတာ စံချိန်ရရှိခြင်း၊ အမျိုးသား အမြင့်ခုန်ပြိုင်ပွဲတွင် ဒူးအထက် တစ်ဖက်မရှိသူက ၁ ဒသမ ၈၈ မီတာစံချိန်ရရှိခြင်းများ ဖြစ်သည်။ သံလုံး၊ သံပြား၊ လှံတံပစ်ပြိုင်ပွဲများတွင် မတ်တတ်မရပ်နိုင်သူများအတွက် အထူးပြုလုပ်ထားရသော ထိုင်ခုံပစ်စင်များ၊ မျက်စိအာရုံချို့ယွင်းသူများကစားသည့် Goal Ball ပြိုင်ပွဲအတွက် အသုံးပြုရမည့် ဘောလုံးလိမ့်စဉ် အသံမြည်သည့်ဘောလုံးများ၊ မျက်စိအုပ်ပစ္စည်းများ၊ Chess ပြိုင်ပွဲအတွက် မျက်စိမမြင်သူများ ကစားရသည့် အထူးပြုလုပ်ထားသည့် စစ်တုရင်ခုံများနှင့် စစ်တုရင်အရုပ်များ၊ ပြိုင်ပွဲအတွက် အထူးပြုလုပ်ထားသည့် ပေါ့ပါးခိုင်ခံ့သည့်ဘီးချဲများ အစရှိသည်များမှာ မသန်စွမ်းအားကစားသမားများအတွက် အထောက်အကူပြု ပစ္စည်းများဖြစ်ပါသည်။

**စခန်းသွင်းလေ့ကျင့်**

အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ရန်အတွက် မသန်စွမ်း အားကစားအဖွဲ့ချုပ်တည်ရှိရာ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၂၉) ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးရှိ မသန်စွမ်းအားကစား လေ့ကျင့်ရေးစခန်းဝင်းအတွင်း စခန်းသွင်းကာ လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြသည်။ နိုင်ငံတော်၏ အားကစားမူဝါဒများနှင့်အညီ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ညွှန်ကြားမှု၊ လိုအပ်သည်များပံ့ပိုးမှု၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်၏ အနီးကပ်ကြီးကြပ်မှုများဖြင့် ယခင်နှစ်ပြိုင်ပွဲများထက် ဆုတံဆိပ်များ ပိုမိုဆွတ်ခူးရရှိနိုင်ရန် လေ့ကျင့်ကြိုးပမ်းလျက်ရှိနေပါသည်။

စိတ်၏ လိုအပ်ချက်ကို ကိုယ်ခန္ဓာက လိုက်ပါလှုပ်ရှားဆောင်ရွက်ရန် အခက်အခဲများစွာရှိသည်။ မသန်စွမ်းသူများမှာ ကိုယ်ခန္ဓာမသန်စွမ်းမှုကြောင့် ပို၍ အခက်အခဲဖြစ်ရသည်။ မသန်စွမ်းမှုကို ဖြည့်စွက်ထိန်းညှိလျက် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းကစားကာ အကောင်းဆုံးစံချိန်ရအောင် လေ့ကျင့်နေကြသော မသန်စွမ်းကစားသမားများ၏ စိတ်ဓာတ်ကို အားပေးမြှင့်တင်ပေးမှု ပြုကြရပါမည်။ မသန်စွမ်းကစားသမားများ၏ ကြိုးပမ်းလေ့ကျင့်နေမှုများကို ပြည်သူများက သွားရောက်ကြည့်ရှုအားပေးခြင်း၊ ထောက်ပံ့ခြင်း၊ ကူညီမှုများပေးခြင်းနှင့် လိုအပ်သော အထောက်အကူပြုပစ္စည်းများ ပံ့ပိုးခြင်းများ ဆောင်ရွက်နိုင်ကြောင်း အသိပေးလိုပါသည်။

“**မသန်လည်းလူ၊ သန်လည်းလူ၊ စွမ်းဆောင်မှုသာအဓိက**”ဆိုသော မသန်စွမ်းကစားသမားများ၏ ခံယူချက်အတိုင်း မြန်မာ့မသန်စွမ်းအားကစားသမားများအနေဖြင့် လာမည့် (၁၂)ကြိမ်မြောက် ASEAN Para Games တွင်လည်း ပိုမိုကောင်းမွန်သည့် စံချိန်များရရှိ စွမ်းဆောင်နိုင်လျက် နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင် နိုင်ပါစေကြောင်း ယုံကြည်စွာဖြင့် ဂုဏ်ပြုဖော်ပြအပ်ပါသည်။

## လားရှိုးမြို့၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး၊ အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

**လားရှိုး မေ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နယ်မြေခံအားကစားကွင်း၌ ယနေ့ မွန်းလွဲ ၃ နာရီက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး၊ အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တိုင်းစစ်ဌာနချုပ်မှအရာရှိများ၊ ပြည်နယ်/ခရိုင်/ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းမှူးက ကျေးဇူးတင်နှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းမှူးနှင့်တာဝန်ရှိ သူများက သဘာဝဘေးအန္တရာယ် ကျရောက်ပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ကွပ်ကဲမှုနှင့်စီမံခန့်ခွဲမှုအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ လမ်းကြောင်းရှင်းလင်းရေး အဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ ပို့ဆောင်ဆက်သွယ်ရေးအဖွဲ့၊ သတင်းနှင့် ပြန်ကြားရေးအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ နေရာချထားရေးနှင့် အုပ်ချုပ်ထောက်ပံ့မှုအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးနှင့်ထိန်းသိမ်းရေး အဖွဲ့၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးအဖွဲ့များအလိုက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေး ခဲ့သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် အသုံးပြုမည့် ကူညီကယ်ဆယ်ရေး ပစ္စည်းကိရိယာများ၊ စက်ယန္တရားများ၊ ယာဉ်များ၊ ထောက်ပံ့ပစ္စည်းများ တို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## ထားဝယ်မြို့၌ မုန်တိုင်းဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပေးနှိုးဆော်

**ထားဝယ် မေ ၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ဘင်္ဂလား ပင်လယ်အော်တွင် ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်း ဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင် ရေးအတွက် အသိပေးနှိုးဆော်ခြင်းကို ယမန်နေ့ ညနေပိုင်းက မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီမှ တာဝန်ရှိသူများက အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးနှိုးဆော်လျက်ရှိသည်။

ထိုသို့ မုန်တိုင်းကြိုတင်ကာကွယ်နိုင်ရေး အသိပေး နှိုးဆော်ဆောင်ရွက်ရာတွင် မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာန၏ တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော် အရှေ့တောင်ပိုင်းတွင် မေ ၅ ရက်မှ စ၍ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ဖြစ်ပေါ်လာနိုင်ပြီး အဆိုပါမုန်တိုင်းသည် မေ ၁၀ ရက်မှ ငါးရက်ခန့်အတွင်း မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်နိုင်မည့် အခြေအနေရှိသည်။ မုန်တိုင်းဝင်ရောက်ပါက လေတိုက်နှုန်း တစ်နာရီ ၁၅၀ ကီလိုမီတာမှ ၁၈၀ ကီလိုမီတာအထိ ရောက်ရှိနိုင်မည်ဖြစ်ပြီး ဒီရေလှိုင်းများ မြင့်မားစွာတက်ရောက်မည်ဖြစ်သဖြင့် မိမိတို့၏ စက်လှေများ၊ ငါးဖမ်းလှေများ၊ ကမ်းနီးကမ်းဝေးရေယာဉ်များအား ပင်လယ်ပြင်သို့ ထွက်ခွာခြင်း မပြုကြရန်နှင့် လုံခြုံရာနေရာတွင် ရပ်နားထားရှိကြရန် အသိပေးနှိုးဆော်သည်။

ဆက်လက်၍ ပြည်သူများအနေဖြင့် မုန်တိုင်း အန္တရာယ်မကျရောက်မီ မိမိတို့၏ အရေးကြီးသော စာရွက်စာတမ်းများ၊ အဖိုးတန်ပစ္စည်းများကို ကြိုတင်သိမ်းဆည်းထားကြရန်၊ လိုအပ်သော သောက်သုံးရေနှင့် စားနပ်ရိက္ခာများ ပြင်ဆင်ထားရှိကြရန်၊ အရေးပေါ်အခြေအနေနှင့် ကြုံတွေ့လာပါက ရပ်ကွက်/ကျေးရွာများတွင် သတ်မှတ်ထားသော စုရပ်နေရာသို့ ကြိုတင်ရွှေ့ပြောင်းသွားရောက်နေထိုင်ကြရန်နှင့် မုန်တိုင်းအန္တရာယ်ကင်းရှင်းကြောင်း ကြေညာမှသာ မိမိတို့နေအိမ်သို့ ပြန်လည်ထွက်ခွာကြရန်၊ မုန်တိုင်းသတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ပြီး ပြည်သူများက လေးစားလိုက်နာဆောင်ရွက်ပေးကြရန်နှင့် ပြည်သူများအနေဖြင့် ထူးခြားသည့်အခြေအနေနှင့် ပျက်စီးဆုံးရှုံးမှုများရှိပါက နီးစပ်ရာဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ချက်ချင်းသတင်းပို့ ဆက်သွယ်ပေးကြရန် အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးနှိုးဆော်ကြောင်း သိရသည်။



**ငွေဇင်ယော်(ထားဝယ်)**



## မုန်တိုင်းအန္တရာယ်ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်နိုင်ရန် သရုပ်ပြလေ့ကျင့်

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်အတွင်း မုန်တိုင်းအန္တရာယ် ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့နယ်မီးသတ် ဦးစီးမှူး ဦးကိုကိုလတ် ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရိတအဖွဲ့များ စုဖွဲ့သရုပ်ပြလေ့ကျင့်ခြင်းကို မေ ၈ ရက်က ကမ်းနားလမ်းရှိ မြို့နယ်မီးသတ်အဆောက်အအုံ၌ ပြုလုပ်သည်။

စုဖွဲ့သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးညီညီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း လှိုင်မြစ်အနောက်ဘက်ကမ်း၌ ရပ်ကွက်ကြီးလေးရပ်ကွက်ရှိကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ရွှေကူမြို့နယ် သာယာကုန်းကျေးရွာအတွင်းသို့ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် ကျေးရွာအတွင်းရှိ လူနေအိမ်များ မီးလောင်ပျက်စီး

**နေပြည်တော် မေ ၈**

ကချင်ပြည်နယ် ရွှေကူမြို့နယ် သာယာကုန်းကျေးရွာအတွင်းသို့ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မေ ၇ ရက် ညပိုင်းတွင် လက်နက်ကြီး များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။



KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် သာယာကုန်းကျေးရွာရှိ နေအိမ်များ မီးလောင်မှုကို တွေ့ရစဉ်။

ဖြစ်စဉ်မှာ ရွှေကူမြို့နယ် သာယာကုန်း ကျေးရွာအနီး နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား မေ ၇ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏ မြောက်ဘက် မီတာ ၇၀၀ ခန့် အကွာမှနေ၍ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံ တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများက ကျေးရွာ၏ အနောက်မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် အဆိုပါအကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲမှုကြောင့် မီးကူးစက်လောင်ကျွမ်းခဲ့ရာ လူနေအိမ် ၁၅ လုံးမီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သား ပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။




KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည့် သာယာကုန်းကျေးရွာပြပုံ။

**သတင်းစဉ်**

# ဟိုင်းကြီးကျွန်းမြို့၌ မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ

**ဟိုင်းကြီးကျွန်း မေ ၈**
ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ထိခိုက်ဆုံးရှုံးမှုများမရှိစေရန်အတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပမ္မဝတီရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် တင်မောင်သန်း ဦးဆောင်သော မြို့အုပ်ချုပ်ရေးမှူး ဦးကောင်းစံနှင့်ဌာနဆိုင်ရာများသည် အမှတ် (၃) ရပ်ကွက်နှင့် ကံချိုင်ကျေးရွာရှိ ဆိုင်ကလုန်းရှယ်တာများသို့ သွားရောက်၍ မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ပြည်သူများ ဘေးကင်းစွာ ခိုလှုံနေထိုင်နိုင်ရန် ပြင်ဆင်ထားရှိမှုများ၊ သောက်သုံးရေရရှိနိုင်ရန် သိုလှောင်ပြင်ဆင်ထားရှိမှုများနှင့် စားနပ်ရိက္ခာများ စနစ်တကျ သိမ်းဆည်းထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဆက်လက် ပြင်ဆင်ထားရှိရန် မှာကြားသည်။

ထို့နောက် ပမ္မဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် တင်မောင်သန်းနှင့်အဖွဲ့သည် ခမောက်မော်ကျေးရွာရှိ ပင်လယ်ကမ်းနားဘေးတွင် နေထိုင်သူများအား မုန်တိုင်းအန္တရာယ် မကျရောက်မီ ရေလွတ်ရာကုန်းမြင့်ရှိ ခိုလှုံနိုင်သောနေရာများ၊ ဆိုင်ကလုန်းရှယ်တာများ၊ ဘုန်းတော်ကြီးကျောင်းများသို့ အမြန်ဆုံး ပြောင်းရွှေ့နေထိုင်ကြရန်နှင့် မုန်တိုင်းအန္တရာယ် ကျရောက်လာပါက လုပ်ဆောင်သင့်သည်များကို အလျင်အမြန် စနစ်တကျ လုပ်ဆောင်ကြရန် အသိပညာပေးပြောကြားသည်။

ဆက်လက်ပြီး ပမ္မဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများသည် ပင်လယ်ကမ်းနားရှိ ကပ္ပလီကျေးရွာသို့ သွားရောက်ပြီး သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအား ဆိုင်ကလုန်းရှယ်တာများနှင့် ရေလွတ်ရာဘုန်းတော်ကြီးကျောင်းများသို့ အမြန်ဆုံး ပြောင်းရွှေ့ နေထိုင်ကြရန်နှင့် မုန်တိုင်းအန္တရာယ် ကျရောက်လာပါက ဆောင်ရွက်ကြရမည့် အရာများကို အသိပညာပေး ပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ အကူအညီများ အချိန်မရွေး တောင်းခံကြရန် ပြောကြားသည်။

လှိုင်မျိုးအောင်(ပြန်/ဆက်)

# ပင်လောင်းမြို့နယ်၌ ယာယီတိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်များထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားပြုလုပ်

**ပင်လောင်း မေ ၈**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်လောင်းမြို့နယ်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ယာယီတိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားသောက်ကုန် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ထီဗွာကျေးရွာအုပ်စု ဝါးလီကျေးရွာ ဘုန်းကြီးကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့က ယာယီတိုက်ပွဲရှောင်ပြည်သူများကို အားပေးနှစ်သိမ့် အမှာစကား ပြောကြားကြသည်။

ထောက်ပံ့ ပေးအပ်ရာတွင် ပြည်နယ် စီးပွားရေးရာဝန်ကြီးက ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် စားသောက်ကုန်များ၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး က ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် သိန်း ၃၈၅၅၀၀၀ နှင့် စားသောက်ကုန်များ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၃၀ ကို ပြည်နယ်တိုင်းရင်းသားရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးချစ်ဇော်လင်း၊ နယ်မြေခံတပ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီး မောင်မောင်မြင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ပေးသည့် စားသောက်ကုန် လေးမျိုး၊ ကျောင်းစိမ်းဝတ်စုံ ၁၅၀၊ ဗလာစာအုပ် ဒါဇင် ၁၅၀ ကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းတို့က ပေးအပ်ကြသည်။




ယင်းနောက် ယာယီတိုက်ပွဲရှောင်ပြည်သူများက နေထိုင်စားသောက်ရာတွင် လိုအပ်သည်များ ဆွေးနွေးပြောကြားကြပြီး တင်ပြဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မောင်တောမြို့၌ မုန်တိုင်းအန္တရာယ် အသိပညာပေးနှိုးဆော်

**မောင်တော မေ ၈**
ရခိုင်ပြည်နယ် မောင်တောမြို့၌ မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးနှိုးဆော်ခြင်းများကို ယနေ့ ညနေပိုင်းက ကျေးရွာအုပ်စုများတွင် ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံထွန်းအောင် ဦးဆောင်၍ ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ဘင်္ဂလားပင်လယ်အော်ကမ်းရိုးတန်းတွင်ရှိသော ကျောက်ပန္နူကျေးရွာ၊ အင်းဒင်းကျေးရွာ၊ ဒုညောင်ပင်ကြီးကျေးရွာ၊ ပဒင်းကျေးရွာအုပ်စုနှင့် ပန်းတောပြင်ကျေးရွာအုပ်စုများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် ဂရုပြုနေထိုင်ကြပါရန်၊ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလှေများ မြစ်ချောင်း ပင်လယ်အတွင်းသို့ ထွက်ခွာခြင်းမပြုစေရေး စသည်တို့ကို အသိပေးဟောပြောခြင်းနှင့် လိုက်လံနှိုးဆော်ခဲ့ကြကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈-၅-၂၀၂၃

| ရွှေ | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၃၈၁၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၃၈၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၂၀၂၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၂၀၂၁ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၈၃၀ ကျပ် | ၁၈၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၁၀ ကျပ် | ၁၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၈၀ ကျပ် | ၁၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၆၅ ကျပ် | ၂၀၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၁၅ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၅ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၂ . ၀၂၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၅ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၃ . ၂၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၇၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၄၂၂ | ၃၄၆၀၄၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၁၁၂၂ | ၃၁၉၇၇၀၀၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၅ | ၃၅၀၀၀ |
| FPB | ၁၅၀၀ | ၁၄၅၀ | ၁၈၄၄ | ၂၇၆၃၀၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၅၀၀ | ၁၂၅၀၀၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂၈ | ၁၃၇၂၀၀ |

ညီညီ - စုစည်းသည်

# ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာရှိ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများထောက်ပံ့ရန် သွားရောက်သည့် AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသံရုံးတို့မှကိုယ်စားလှယ်များ လိုက်ပါလာသည့်ယာဉ်တန်းအား အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာရှိ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ရန် တောင်ကြီးမြို့မှ ဆီဆိုင်မြို့သို့ သွားရောက်သည့် မော်တော်ယာဉ်တန်းအား အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

**လက်နက်ငယ်များဖြင့်ပစ်ခတ်**

ဖြစ်စဉ်မှာ အာဆီယံတူညီဆန္ဒ(၅)ရပ်အနက် စတုတ္ထမြောက်အချက်ဖြစ်သည့် လူသားချင်းစာနာမှုအကူအညီများ ပံ့ပိုးရေးအတွက် AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလျက် မေ ၇ ရက်နံနက်ပိုင်းတွင် တောင်ကြီးမြို့မှ ဆီဆိုင်မြို့သို့ ထွက်ခွာလာခဲ့ရာ ဆီဆိုင်မြို့နယ် နန့်အောရွာ၏ မြောက်ဘက်မီတာ ၂၀၀ ခန့် အကွာသို့ အရောက်၌ အသင့် စောင့်ဆိုင်းနေသည့် အကြမ်းဖက် သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရှိရပြီး ဖြစ်စဉ်ဖြစ်ပွားရာ နေရာအနီးတစ်ဝိုက်အား နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်



ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာရှိ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ရန်သွားရောက်သည့် AHA Centre မှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ လိုက်ပါလာသည့်ယာဉ်တန်းအား အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။



ရှိသည်။

ဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် လုံခြုံရေးလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီး၌ လက်နက်ငယ်ကျည်အချို့ထိမှန်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အာဆီယံတူညီဆန္ဒ(၅)ရပ်အနက် စတုတ္ထမြောက်အချက်ဖြစ်သည့် လူသားချင်းစာနာမှုအကူအညီများ ပံ့ပိုးရေးကိစ္စများတွင် အပြုသဘောဆောင်စွာဖြင့် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး စာနာမှုအကူအညီများ လိုအပ်သူများထံ ဖြန့်ဖြူးနိုင်ရေးနှင့် လိုအပ်သူ မည်သူတစ်ဦးမျှ




ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာရှိ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ရန်သွားရောက်သည့် AHA Centre မှကိုယ်စား လှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ လိုက်ပါလာသည့်ယာဉ်တန်းအား အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်နေရာပြပုံ။

မကျန်စေရေးမှုကို လက်ကိုင်ပြုကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သမားများကြောင့် အခက်အခဲဖြစ်ပေါ်လျက်ရှိသော ဒေသခံပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိပံ့ပိုးနိုင်ရေးအပြင် လုံခြုံရေးနှင့် ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် တာဝန်သိပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတကာဆက်ဆံရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတို့တွင် တိုးတက်ကောင်းမွန်စေရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိစဉ် အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ယုတ်မာသော လုပ်ဆောင်မှုသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေမည်ဖြစ်ပြီး ယာယီတိုက်ပွဲရှောင်နေသူများအတွက်လည်း အခက်အခဲများ ပိုမိုဖြစ်ပေါ်လာသဖြင့် ဒေသခံပြည်သူများ အနေဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

**ဆက်သွယ်သတင်းပေး**

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းတည်ငြိမ်ရေးတို့အတွက် အကြမ်းဖက်မှု ချေမှုန်းရေးစစ်ဆင်ရေး (Counter Terrorism Operation) ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့၏ ဒေသတည်ငြိမ်အေးချမ်းရေး အတွက် ဒေသခံပြည်သူလူထု အနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများနှင့် မသင်္ကာဖွယ်ရာများတွေ့ရှိပါက ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းပါဝင်ကြရန် လိုကြောင်းကို သက်ဆိုင်ရာမှ နှိုးဆော်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ တစ်ဦးသေဆုံး၊ ခြောက်ဦးထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၈**

CRPH၊ NUG အဖွဲ့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ် တစ်စီးအား မေ ၇ ရက် ညနေပိုင်းတွင် လက်လုပ်မိုင်းတစ်လုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ တစ်ဦး သေဆုံးပြီး ခြောက်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် Nissan Navara အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်(**အပေါ်ပုံ**) သည် မေ ၇ ရက် ညနေ ၄ နာရီခန့်တွင် တနင်္သာရီမြို့နယ် ဇဝဲကျေးရွာနှင့် လသာကျေးရွာအကြား မိုင်တိုင်အမှတ် ၃၃/၃ နေရာသို့ရောက်ရှိစဉ် CRPH၊ NUG အဖွဲ့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲ တိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ အမျိုးသားတစ်ဦးသေဆုံးပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် အဆိုပါဒဏ်ရာရပြည်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မြိတ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်အား ဆင်ခြင်တုံတရားမဲ့စွာ မိုင်းခွဲ



တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အထက်ပါဖြစ်စဉ်မှ ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် လူနာများအား ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည့်နေရာပြပုံ။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးနိုင်လင်းစိုး ၁၂/ကမန(နိုင်)၁၀၄၄၅၈၏ နိုင်ငံကူးလက် မှတ် နံပါတ် MA 795753မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၄၂၄၀၉၆၂

## ဖခင်အမည်မှန်

အမ်းမြို့၊ အမှတ်(၅)၊ ဈေးတောင်ရပ်ကွက်၊ အမှတ(၂) အထက (ခွဲ) Grade-9မှ မပန်းဖြူ၏ ဖခင် ဦးရှင် အမည်မှန်မှာ ဦးမောင်ရှင် ၁၁/ အမန(နိုင်)၀၄၇၃၂၆ ဖြစ်ပါကြောင်း။

ဦးမောင်ရှင်
၁၁/အမန(နိုင်)၀၄၇၃၂၆

## မွေးသက္ကရာဇ်အမှန်

ရသေ့တောင်မြို့နယ်၊ သမီးလှဆောက်ခတ်ကျေးရွာနေ ဦးမောင်ဘခင်၏သား မောင်ရဲလင်း ၁၁/ရသတ(နိုင်) ၁၁၉၀၄၆၏ မွေးသက္ကရာဇ်အမှန်မှာ (၅-၂-၁၉၉၈) ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာနေ ဦးမောင်မောင်စိုး ၏သား မောင်သူရကျော် ၁၁/ရသတ(နိုင်)၁၁၃၉၉၉၏ မွေးသက္ကရာဇ်အမှန်မှာ (၁၂-၈-၂၀၀၅) ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးပိုင် (ဘ) ဦးတင်မြင့် ၉/တကန(နိုင်) ၁၇၄၁၁၇၏ နိုင်ငံကူးလက်မှတ် အမှတ်(M-355091)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၃၉၆၉၃၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7B/6144, Shwe Thar Yar Wagon S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၉/သစန(နိုင်)၀၉၀၀၀၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း) အင်းစိန်

## ကန့်ကွက်နိုင်ကြောင်း

ကလောမြို့နယ်၊ ညောင်ရွှေမြို့၊ စခန်းကြီးရွာ၊ ဦးပိုင်အမှတ် ၂၇/၁၆၊ ဧရိယာ(၅ဒသမ၇၉)ကေ အတွင်းမှ အရှေ့မှအနောက် (၇၀x၇၀) တောင်မှမြောက် (၈၀ x ၈၀)ရှိ မြေကွက်အား ဒေါ်နုနုကြိုင်ထံမှ (၇-၈-၂၀၂၁)ရက်တွင် ငွေကျပ်သိန်း (၁၀၇)တိတိဖြင့် ၄င်းထံမှ အပြီးအပိုင်ဝယ်ယူပြီးဖြစ်၍ မောင်ပြည့်ဒွေး ၁၃/လကန(နိုင်) ၀၀၁၀၀၀ သည် မောင်ပြည့်ဒွေး အမည်ပေါက်ဖြင့် မြေရာဇဝင်များ တိုးမြှင့် လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများ ရှိပါက ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်ပြည့်ဒွေး
၁၃/တကန(နိုင်)၀၀၁၀၀၀
ဖုန်း-၀၉-၂၅၃၆၆၀၆၆၅

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် မက်မန်းမြို့နယ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းပေါ်ရှိ လမ်း/တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။
(ခ) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၈-၅-၂၀၂၃ ရက်မှ ၂၅-၅-၂၀၂၃ ရက်အထိ (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်၊ မက်မန်းမြို့
(ဃ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၂၆-၅-၂၀၂၃ ရက်၊ ၁၆:၀၀ နာရီ
(င) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - ၃၀-၅-၂၀၂၃ ရက်၊ နံနက်(၁၀:၀၀)နာရီ
(စ) **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်၊ မက်မန်းမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မက်မန်းခရိုင်နှင့် ဦးစီးအရာရှိ(မြို့ပြ) ရုံး၊ မက်မန်းမြို့နယ်၊ မက်မန်းမြို့သို့ ရုံးချိန်အတွင်း ဖုန်း- ၀၉-၄၄၁၇၃၃၅၈၃၊ ၀၉-၄၅၈၀၃၂၀၆၇ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ)**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင် အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ မိုင်းတုံခရိုင်အတွင်း လမ်းအထူးအဖွဲ့(၃)နှင့် မိုင်းတုံမြို့နယ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာ လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၅-၂၀၂၃ ရက်မှ ၂၃-၅-၂၀၂၃ ရက် အထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုင်းတုံမြို့
(ဂ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၂၄-၅- ၂၀၂၃ ရက်၊ ၁၆:၀၀ နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - ၂၅-၅-၂၀၂၃ ရက်၊ နံနက် ၁၀:၀၀ နာရီ
(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊မိုင်းတုံခရိုင်၊ မိုင်းတုံမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ မိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉-၄၀၁၆၂၃၅၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်နှင့်အမည်(RA-V/ကွက်ပြင်)၊ ဦးပိုင်အမှတ် (၄၂/က- ၅-က)၊ မြေဧရိယာ(၀.၁၄)ဧက လက်ရှိမြေပေါ်ရှိအတိုင်းအတာနှင့် မြေနှင့်နေအိမ်၊ လျှပ်စစ်မီတာ၊ ပရိဘောဂအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်ဝင်းဝင်းကြည် (၉/မရမ(နိုင်)၀၈၄၄၆၃)ထံမှ ဦးကြည်ဝင်း (၈/မထန(နိုင်)၀၀၆၉၆၉)က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဦးကြည်ဝင်း**, **၈/မထန(နိုင်)၀၀၆၉၆၉**
**လွှဲအပ်ညွှန်ကြားချက်အရ-** **ဦးနေမျိုးဇော်(LL.B,D.B.L) ဒေါ်ဇင်မာမြင့်(LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ** **အမှတ်(၆၇)၊(၅)ရပ်ကွက်၊ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်နှင့်အမည်(ရ/ပဒေသာ)၊ ဦးပိုင်အမှတ်(၉၇)၊ မြေ ဧရိယာအကျယ်အဝန်း(၀.၀၅၅)ဧက လက်ရှိမြေပေါ်ရှိအတိုင်းအတာနှင့် မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ဦးဝင်းဇော်ဦး (၃/ဘအန(နိုင်)၁၅၃၁၇၇)ထံမှ ဦးအောင်စိုးမိုး (၈/မသန(နိုင်)၀၆၃၁၉၂)က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဦးအောင်စိုးမိုး**, **၈/မသန(နိုင်)၀၆၃၁၉၂**
**လွှဲအပ်ညွှန်ကြားချက်အရ-** **ဦးနေမျိုးဇော်(LL.B,D.B.L) ဒေါ်ဇင်မာမြင့်(LL.B, LL.M)** **တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ** **အမှတ်(၆၇)၊ (၅)ရပ်ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**

## ဥတုရာသီ တောကိုမှီ

## ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်၊တောင်ကြီး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆေးတက္ကသိုလ်-တောင်ကြီး၏ (၂၀၂၃-၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့်-
6" O tube well (700'Ft-depth)External Plumbing Main Work Ground Tank မှ သင်ကြားရေး(၄)ထပ်စာသင်ဆောင်အထိ (၁၄၀') လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်လိုပါ၍ တရားဝင် အသိအမှတ်ပြုလိုင်စင်ရ အဖွဲ့အစည်းများ၊ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၁-၅-၂၀၂၃ရက်
**တင်ဒါပိတ်သိမ်းမည့်ရက်** - ၃၁-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုသော အချက်များကို နေ့စဉ်ရုံးချိန်အတွင်း ဆေးတက္ကသိုလ် တောင်ကြီး၊ ဖုန်း-၀၈၁-၂၁၂၄၈၆၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါဗဟိုကော်မတီ**
**ဆေးတက္ကသိုလ်-တောင်ကြီး**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းခရိုင် အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်အတွင်းရှိ မက်မန်းမြို့နယ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာ လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၅-၂၀၂၃ ရက်မှ ၂၃-၅-၂၀၂၃ ရက် အထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်၊ မက်မန်းမြို့
(ဂ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၂၄-၅- ၂၀၂၃ ရက်၊ ၁၆:၀၀ နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - ၂၅- ၅-၂၀၂၃ ရက်၊ နံနက် ၁၀:၀၀ နာရီ
(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်၊ မက်မန်းမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မက်မန်းခရိုင်နှင့် ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ မက်မန်းမြို့နယ်၊ မက်မန်းမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉-၄၄၁၇၃၃၅၈၃၊ ၀၉-၄၅၈၀၃၂၀၆၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁)၊ ဒေလီယာလမ်း၊ အမှတ်(၃၁၈)နေ ဦးသူရိန်မျိုး(ဘ)ဦးမောင်မောင် (၉/ခအဇ(နိုင်)၀၁၄၂၆၃)၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်းဖြင့် အများသိစေရန် အသိပေးကြေညာအပ်သည်မှာ-

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ တက္ကသိုလ်များ လှိုင်နယ်မြေဝင်း၌တည်ရှိသော ရတနာပုံတယ်လီပို့ အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ပိုင် အသုံးမလို ပိုလျှံနေသော Top-up card production machine (Card wrapping machineနှင့် UPSအပါအဝင်) အား မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ပစ္စည်းများကြည့်ရှုနိုင်မည့်ရက်၊ အချိန်နှင့်နေရာ** - ၁၀-၅-၂၀၂၃ ရက်မှ ၃၁-၅-၂၀၂၃ ရက်အတွင်း နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် (၁၀) နာရီမှ ညနေ (၃) နာရီအတွင်း ရတနာပုံတယ်လီပို့ အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ ရန်ကုန်။

၃။ **အဆိုပြုလွှာပုံစံထုတ်ယူရမည့်နေရာ** - ရတနာပုံတယ်လီပို့ အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ အမှတ် (၂၅)၊ တက္ကသိုလ်များ လှိုင်နယ်မြေဝင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

၄။ **အဆိုပြုလွှာပုံစံထုတ်ယူရမည့်ရက်နှင့်အချိန်** - ၁၀-၅-၂၀၂၃ ရက်မှ ၃၁-၅-၂၀၂၃ ရက်အထိ၊ တနင်္လာမှ သောကြာနေ့စဉ် ရုံးဖွင့်ရက်များတွင် နံနက် ၁၀ နာရီ မှ မွန်းလွဲ ၂ နာရီအတွင်း၊

၅။ ဖြည့်စွက်ပြီး တင်ဒါအဆိုပြုလွှာပုံစံများကို ၁-၆-၂၀၂၃ ရက်၊ ၁၃:၃၀ နာရီ နောက်ဆုံးထား၍ အဆိုပြုလွှာပုံစံထုတ်ယူခဲ့သည့်ရုံး၌ ပြန်လည်တင်သွင်းရပါမည်။

၆။ ထပ်မံသိရှိလိုသောအချက်အလက်များရှိပါက ၃၁-၅-၂၀၂၃ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ကုမ္ပဏီရုံး ဖုန်း-၀၉-၂၅၀၄၄၃၀၉၀၊ ၀၉-၄၂၀၀၁၅၂၀၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရတနာပုံတယ်လီပို့အများနှင့်**
**သက်ဆိုင်သောကုမ္ပဏီလီမိတက်**

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
## တင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံးအတွက် ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ရုံးသုံးစက်ကိရိယာပစ္စည်းများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါ Lot များအလိုက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot | Lot အလိုက် ဝယ်ယူမည့်ပစ္စည်းများ |
|---|---|---|
| (က) | Lot 1 | Laser Printer (A4), Heavy Duty Punch |
| (ခ) | Lot 2 | Camera EF-M 18-150 mm Lens |
| (ဂ) | Lot 3 | ဖိုင်တင်စင်အကြီး(သံ)၊ ဖိုင်တင်စင်အသေး(သံ) |
| (ဃ) | Lot 4 | Network Cable Installation for office 57 CAT 6 Cable installation 48 Port (1850 M) Network cable and accessories 8 port Switch |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** - ၂၆-၄-၂၀၂၃ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့်ရက်** - ၁၂-၅-၂၀၂၃ရက်(သောကြာနေ့) (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၅-၅-၂၀၂၃ရက်(ကြာသပတေးနေ့) (ရုံးချိန်အတွင်း)

(ဃ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ** - အခွန်အယူခံခုံအဖွဲ့ရုံး၊ ရုံးအမှတ်(၅၇)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ဝယ်ယူသည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၅၀၈၀၄၇၁၀ နှင့် ၀၉-၂၅၄၅၆၉၂၁၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ၊ တပ်ကြပ် ဇော်ဝမ်း၊ ကိုယ်ပိုင်အမှတ် ၉၉၄၆၄၇၊ ၉/ကဆန(နိုင်)၁၀၃၇၆၃ (ဘ)ဦးကြည်သိန်း အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င) ၆၃၈၉ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူဒေါ်အေးအေးမွန် ၁၂/တကန(နိုင်)၁၁၄၀၄၂ (ဘ)ဦးသန်းထွန်းမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက် ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်ဇော်ဝမ်း သေဆုံးခြင်းလက်မှတ် မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ မြေသင်းတွေကျေးရွာနေ ဦးသန်းစိုး-ဒေါ်အမာမြင့်တို့၏ သား မောင်ဟန်ငြိမ်းထွန်း ၉/ညဥန(နိုင်)၂၄၆၉၂၃ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းစိုး-ဒေါ်အမာမြင့်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ မြေသင်းတွေကျေးရွာနေ ဦးဆန်းနေဝင်း-ဒေါ်စိုးစိုးနွယ်တို့၏ သား မောင်ဆန်းလင်းအောင်စိုး ၉/ညဥန(နိုင်)၂၄၆၉၁၇ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဆန်းနေဝင်း-ဒေါ်စိုးစိုးနွယ်**

## ပျောက်ဆုံးကြောင်း

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ရှူး(ချင်း)ရွာ မှ ဦးမောင်ပြည့်၏သား မောင်ဇော်မင်းခန့် ၁၁/အမန(နိုင်)၀၈၅၃၀၀၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-534414)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၉၂၉၃၇၆၈

## ပျောက်ဆုံးကြောင်း

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ရင်းချောင်းကျေးရွာနေ ဦးဖိုးကျော်၏သမီး မတင်တင်မြင့် ၁၁/မပန(နိုင်)၁၃၁၂၈၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-189428)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၂၆၃၅၀၃၃

## အမည်မှန်

ဖျာပုံမြို့နယ်၊ ဒေါ်ညိမ်းကျေးရွာအုပ်စု၊ ဇန်ဒါပင်ကျေးရွာနေ ဦးသက်နိုင်ဝင်း ၁၄/အမတ(နိုင်)၀၆၂၆၄၈၊ ဒေါ်မာမာခိုင်တို့၏သမီး ဇန်ဒါပင်ကျေးရွာ၊ အမကကျောင်းမှ မစုမြတ်နိုးအောင်၏ အမည်မှန်မှာ မဆင့်ဆင့်အောင်ဖြစ်ပါကြောင်း။

**မဆင့်ဆင့်အောင်**

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၄)၊ သင်ရိုး(ဟောင်း)၊ ဆဋ္ဌမတန်း အောင်မြင်ပြီးသူဖြစ်သော မနန်းယုဝေ၏ ဖခင်အမည်မှန်မှာ ဦးဝင်းမျိုးဦး ၅/ရဘန(နိုင်)၁၄၉၀၂၆ ဖြစ်ပါကြောင်း။

**ဦးဝင်းမျိုးဦး**

## ပျောက်ဆုံးကြောင်း

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ဆားပြင်ချေးကျေးရွာနေ ဦးကျန်ဝင်းမောင်၏သမီး မဆန်းဝင်းကြည် ၁၁/ရသတ(နိုင်)၁၁၂၆၀၁၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-682587) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၃၅၄၁၆၅

## ကမ-၃ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 63W/62282 Honda Wave 100 M/C အား စစ်တွေမြို့၊ ညဝတီ ရပ်ကွက်နေ ဦးဇော်ဇော်ဦး ၁၁/စတန(နိုင်) ၀၆၂၉၁၄ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၆၁၇၆၂ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်းလွင် ၉/လဝန(နိုင်) ၂၉၄၂၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

**စာအုပ်စာပေ လှူမိတ်ဆွေ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်(တင်ဒါအမှတ်စဉ်-၁ / ၂၀၂၃-၂၀၂၄)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ၇-၅-၂၀၂၃ရက် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသော အိတ်ဖွင့်တင်ဒါအား အောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုပါရန်

၁။ ရောဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင် လက်အောက်မြို့နယ်များတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူပြီး (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၅-၂၀၂၃ရက်မှ ၂၃-၅-၂၀၂၃ရက်အထိ (ရုံးချိန်အတွင်း)

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၄-၅-၂၀၂၃ရက်၊ (၁၁:၀၀)နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၄-၅-၂၀၂၃ရက်၊ (ဗုဒ္ဓဟူးနေ့)၊ (၁၃:၀၀)နာရီ

**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟင်္သာတမြို့

၂။ လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန ဟင်္သာတခရိုင်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် မြို့နယ်ဦးစီးအရာရှိရုံးများတွင် ၁၅-၅-၂၀၂၃ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
ဟင်္သာတခရိုင် ဖုန်း-၀၄၄-၂၁၀၃၃၊ ၀၄၄-၂၂၇၄၆

## အများသိစေရန်ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရပ်ကွက်အမှတ်(၁၅-က)၊ ဆေးရုံကြီးလမ်း၊ ပဲခူးမြို့မအုပ်စု၊ အမှတ်(၆၀)၊ ဧရိယာ ၀ ဒသမ၃၄ ဧကရှိ မြေနှင့်မြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ် (၄၃၄)၊ ပြည်တော်သာ(၁)လမ်း၊ ရုံးကြီးရပ်ကွက်ရှိ နေအိမ်အဆောက်အအုံမှာ ကျွန်မ၏ဖခင် ဦးမြသိန်း၊ မိခင်ဒေါ်ကျင်မြိုင်တို့၏ အမွေကျန်ပစ္စည်းဖြစ်ပြီး၊ ကျွန်မနှင့် ဦးမင်းသိန်း၊ ဒေါ်တင်တင်သိန်းတို့မှ ယနေ့အချိန်ထိ အမွေခွဲဝေရယူခြင်း မရှိသေးပါကြောင်းနှင့် ယင်းအိမ်ခြံမြေအပေါ် ကျွန်မမသိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းဝယ်၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ပါရန် အသိပေးအကြောင်းကြားကြေညာအပ်ပါသည်။

**ဒေါ်အေးအေးသိန်း ၇/ကတခ(နိုင်)၀၆၉၉၅၄၊**
**ရပ်ကွက်ကြီး(၂)၊ ဥဿာမြို့နယ်၊ ပဲခူးမြို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှမျိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၉၉၇/၂၀၁၃**
**ရိုးကြီး၊ ဟန်းတဲရပ်၊ ဇန်းမော်မြို့**
**ဖုန်-၀၉-၄၀၀၀၂၇၇၂၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧက ၊ မြေကွက်အမှတ် (ပ-၄၃၃၉)၊ ဦးညိုအောင် (ဘ)ဦးအောင်ဘော် ၉/ပမန(နိုင်)၀၅၃၄၄၆ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်မေလွင်စိုး (ဘ)ဦးစိုးတင့် ၁၃/ဟပန(နိုင်)၀၄၄၇၀၀ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA-V/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၁၉/ဇ-၁)၊ မြေကွက်အမှတ်(124-T)၊ မြေဧရိယာ ၀ ဒသမ ၁၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးအေရှုစ်စလေဘ့(ခ)ဦးရော်နီ ၁၂/မဂတ(နိုင်)၀၈၅၀၇၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## အမည်ပြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေစံပယ်(က)လမ်း၊ အမှတ် F(97)မှ ဦးဇော်မင်းလွင် ၉/တကန(နိုင်) ၀၀၂၇၅၅ ၏ သား မောင်ကြယ်စင်မျှုးသစ်အား မောင်ခန့်မင်းသစ်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ခန့်မင်းသစ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/7967 Hyundai Porter II Pickup(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူ ၁၃/တကန (နိုင်)၃၄၅၀၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**

**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/5582 Suzuki Carry Van (4x2)L ယာဉ်လက်ဝယ်ရှိသူ Myanmar CP Live Stock Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် (၆/ ပဒေသာ)၊ ဦးပိုင်အမှတ် (၁/၄)၊ မြေဧရိယာ ၀ ဒသမ ၀၇၃ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးဇော်မိုင် ၁၃ / ကခန (နိုင်) ၀၁၀၅၃၀ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် (၆/ ပဒေသာ)၊ ဦးပိုင်အမှတ် (၂၀၁)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်အား မြေငှားဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးစိန်ကိုကို ၉/မရတ(နိုင်) ၀၆၄၈၀၀ မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

**ပြင်ဦးလွင်မြို့**

**သင့်သွေးဖြင့် အသက် ကယ်ပါ**

## ရောင်းချရန်ကြော်ငြာစာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆ )

## မဟာအောင်မြေခရိုင်တရားရုံးတော်

## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၂၉

| | | |
|---|---|---|
| မန္တလေးပင်မရိုးမဘဏ်လီမိတက် (၎င်း၏ကိုယ်စားတာဝန်ပေးခြင်းခံရသူ ရိုးမဘဏ် အကြီးတန်းမန်နေဂျာ ဒေါ်နီနီလွင်) | **နှင့်** | ၁။ ဒေါ်ဆယ်အိ<br>၂။ ဦးသောင်းနိုင်ဦး<br>၃။ ဦးကိုကိုဦး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမကြီးမှုအမှတ်-၃၄/၂၀၁၆ အမှုတွင် အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်၊ အကွက်အမှတ်(၂၆၅)၊ ဦးပိုင်အမှတ်(၁၆-က)နှင့် ဦးပိုင်အမှတ်(၁၇)၊ ယင်းမြေ နှစ်ကွက်ပေါ်ရှိ ပစ္စည်းအရပ်ရပ်။

**လေလံကြမ်းခင်းဈေး ငွေကျပ်သိန်း (၉၁၀၀)**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ကွင်းအမှတ် (အ-၁၄)၊ ဦးပိုင်အမှတ်(၉၂)၊ (၉၃)၊ (၉၄)၊ (၉၅)၊ (၉၆)၊ (၉၇) ဂရန်မြေ (၆)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ ပစ္စည်းအရပ်ရပ်နှင့် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ကွင်းအမှတ်(အ-၁၄)၊ ဦးပိုင်အမှတ် (အေ-၁၁) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ပစ္စည်းအရပ်ရပ်။

**လေလံကြမ်းဈေးကျပ်သိန်း(၂၄၁၀၀)**

**ရောင်းချရန် စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရှုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည် အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက်နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၂၀၂၃ ခုနှစ် မေ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(သူရသွင်)**

**တွဲဖက်ခရိုင်တရားသူကြီး(၂)**

**မဟာအောင်မြေခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ စိုက်ပျိုးရေး(၃)လမ်း၊ မြေကွက်အမှတ်(၅၆၅)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးမောင်မောင်အေး(ဘ) ဦးလှတင်(NBN-၁၀၃၂၃၉) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်၏တရားဝင် ခွဲစိတ်ထားရသေးခြင်း မရှိသော ခြေရင်းခြင်း/ဂရန်မူရင်းခြမ်း၊ မြေကွက်အမှတ်-၅၆၆ နှင့် ကပ်လျက်ဘက်ခြမ်း၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဦးထက်စိုးလင်း ၁၂/ဥကမ(နိုင်)၁၄၇၅၉၀ က ဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးကျော် ၁၂/ဥကတ(နိုင်) ၁၅၀၆၅၈ နှင့် ဒေါ်သန္တာအောင် ၁၂/ဥကတ(နိုင်)၁၅၂၆၉၁ တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများ တင်ပြ၍ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်မေလှိုင် (စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)**

**LL.B.,D.B.L., Dip in English**

**တရားလွှတ်တော်ရှေ့နေ**

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း-၁၀၄(D)၊ ၃၅-လမ်း(အောက်)၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉ - ၅၀၈၃၈၀၅၊ ၀၉ - ၇၉၉၆၁၈၄၇၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရ

## စည်ပင်သာယာရေးဝန်ကြီးဌာန

## (ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသော ဆင်ကန်လမ်းမ ဝဲ/ယာ ရေမြောင်းပလက်ဖောင်း (Interlock) ခင်းခြင်းလုပ်ငန်းအတွက် လိုအပ်သော ဘိလပ်မြေ၊ သဲ၊ ကျောက်စရစ်၊ တောသစ်၊ အုတ်၊ သံချောင်းလုံးအပါ လုပ်ငန်းသုံးပစ္စည်း(၂၀)မျိုးအား ဝယ်ယူရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်ဖောက်သွားမည် ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **လျှောက်လွှာစတင် ဝယ်ယူနိုင်သည့်ရက်** | - ၈-၅-၂၀၂၃ ရက် |
| (ခ) | **တင်ဒါဖွင့်ဖောက် စိစစ်မည့်ရက်နှင့်အချိန်** | - ၂၂-၅-၂၀၂၃ ရက်၊ နံနက် ၁၀:၀၀ နာရီ |
| (ဂ) | **တင်ဒါဖွင့်ဖောက် စိစစ်မည့်နေရာ** | - ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ |

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၈-၅-၂၀၂၃ ရက်မှ စတင်၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း- ၀၉-၄၅၁၄၀၀၉၀၀၊ ၀၉-၉၆၇၁၀၇၁၆၈၊ ၀၉-၄၀၄၇၅၁၂၅၀**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ -၂၀)

## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၆

| | | |
|---|---|---|
| ဒေါ်မွန်မွန်ဇော် | **နှင့်** | ဦးခင်မောင်မြင့် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အကွက်(ဆ-၈)၊ ဘောလုံးကွင်းတိုက်တန်းနေ (ဘ)ဦးမျိုးညွန့် ၏သားဖြစ်သူ ဦးခင်မောင်မြင့်(MGDN- ၀၀၀၁၉၁) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်မွန်မွန်ဇော်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၉)၊ ဦးပိုင် အမှတ်(၈၃)၊ ဧရိယာ ၀ ဒသမ ၀၅၁ ဧက အကျယ်အဝန်းရှိ ဦးခင်မောင်မြင့် အမည်ပေါက် မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် မေ ၁၉ ရက် (၁၃၈၅ ခုနှစ် နယုန်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲလင်းအောင်)**

**မြို့နယ်တရားသူကြီး**

**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် (၁၆) မီးကြာရိုးတောင်ရပ်၊ ဦးပိုင်အမှတ် (၁၄၈-ခ)၊ မြေယာအမှတ် (၄၂/၃၂၆) ၊မြေဧရိယာ ၀ ဒသမ ၂၁၂ ဧကအကျယ်အဝန်းရှိ မြေကွက်သည် ဦးမင်းအောင် (ဘ) ဦးစံမြင့် ၁၂/အစန(နိုင်) ၁၀၅၆၄၈ အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်သူ၏ ကိုယ်စား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် - ၁၇၅၀၃/၂၀၁၉ဖြင့် ကိုယ်စားလှယ်စာရသူ - (ညီမ) ဒေါ်မျိုးမျိုးဝင်း (ဘ) ဦးစံမြင့် ၁၂/အစန (နိုင်) ၀၀၂၀၉၂ မှ ပိုင်ဆိုင်မှု စာရွက်စာတမ်း အချို့ပြသပြီး တာဝန်ခံ ရောင်းချရာ ကျွန်ုပ်မှ ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးခင်မောင်သန်း**

**၆၆လမ်း၊ (၈) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**

**ဖုန်း-၀၉-၇၉၂၇၅၅၀၀၇၊ ၀၉-၄၃၁၅၅၀၈၉**

## ရန်ကုန်နည်းပညာတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်နည်းပညာတက္ကသိုလ် ကြို့ကုန်း အင်းစိန် အတွင်းတွင်ရှိသော ကွန်ပျူတာ၊ မိတ္တူဆိုင်ခန်းများ၊ စားသောက်ဆိုင်ခန်းများအား၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ၁-၆-၂၀၂၃ ရက်မှ ၃၁-၃-၂၀၂၄ ရက်အထိ (၁၀)လ ငှားရမ်း လုပ်ကိုင်လိုသူများ အနေဖြင့် အိတ်ဖွင့်တင်ဒါကို ဤကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လာရောက်တင်သွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ဖုန်း-၀၉-၇၉၅၅၆၀၃၈၄၊ ၀၉-၄၅၂၀၄၅၁၀၈ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ မန္တလေး-လားရှိုးလမ်းနေသူ ဦးအေးချမ်းအောင်(ဘ) ဦးသန်းဦး ၉/ပဥလ(နိုင်)၀၅၆၀၃၉ သည် မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ နောင်လှိုင်ကျေးရွာ၊ ကွင်းအမှတ်-၇၂၇၊ ဦးပိုင်အမှတ်-၁၃၆၊ ဧရိယာ ၅ဒသမ ၁၅ ဧကအကျယ်ရှိ မြေအား ၁-၃-၂၀၁၉ ရက်၌ ဒေါ်သီတာဝင်းထံမှ အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအဆိုပါမြေအား ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ပုံစံ-၇လျှောက်ခြင်း၊ လယ်ယာမြေအခြားနည်း အသုံးပြုခွင့်လျှောက်ခြင်းများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် အဆိုပါမြေနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဟန်နီငွေးအောင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၈၈)**

**အခန်းအမှတ်-၄၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေး ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာ၊ ဦးပိုင်အမှတ်(၁၆/၂)၊ ကွင်း/အကွက်အမှတ်(၆၈၁/က)၊ မြေကွက်အမှတ်(၂၆၇)၊ မြေဧရိယာ ၀ ဒသမ ၂၃ဧကထဲမှ ခွဲထွက်၍ မြေကွက်အကျယ်အဝန်းပေ(၅၀x၁၀၀)ပေါ်ရှိ အရှေ့လားသော် - ခြံကွက်၊ အနောက်လမ်းသော် - ဦးပိုင်အမှတ်(၁၆/၄)၊ တောင်လားသော် - လမ်း၊ မြောက်လားသော် - ဦးပိုင်အမှတ်(၁၆/၃) အသီးသီးပါရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလပိုင်ရှင်ဖြစ်သည့် ဦးသူရရဲမင်း ၁၂/မဟန(နိုင်)၀၈၇၄၁၇ အမည်ပေါက် ပိုင်ဆိုင်သူထံမှ အထူးကိုယ်စားလှယ်လွှဲစာအပါအဝင် စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဦးဇော်မြင့်ထွန်း ၅/မရန(နိုင်)၁၅၁၅၉၃ က လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်စိုးယုမော် ၅/ဝလန(နိုင်) ၀၉၃၇၇၇ နှင့် ဦးအာကာမြင့် ၅/ဝလန(နိုင်) ၁၆၁၆၉၈ တို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ဤမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိုးယုမော်နှင့် ဦးအာကာမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်ခိုင်ဦး (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၆၃၆၇)**

**ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့၊ ဖုန်း- ၀၉-၄၄၀၄၆၅၂၂၇**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း / အကွက်အမှတ်နှင့်အမည် (၇/ပဒေသာ)၊ ဦးပိုင်အမှတ်(၄၅)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဂရန်အမှုတွဲအမှတ် (၀၁၅/၂၀၂၁-၂၀၂၂)အရ ဦးခင်ဝင်း တရားဝင်အမည်ပေါက် ဂရန်မြေကွက်နှင့် ၎င်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးဟန်ဇော်လင်း ၈/ခမန(ဧည့်)၀၀၅၈၀၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ညိုချော ၁၃/တကန(နိုင်)၁၃၄၉၀၄ က ၂- ၅-၂၀၂၃ ရက်စွဲပါ "နှစ်ဦးသဘောတူ ဂရန်မြေနှင့်နေအိမ် စရန်ပေးအရောင်းအဝယ်ပဋိညာဉ်စာချုပ်" ချုပ်ဆို၍ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အပြီးသတ် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နှင်းယုမွန်**

**တရားလွှတ်တော်ရှေ့နေ စဉ်-၁၇၃၂၂**

**အမှတ်(၄၉/စ)၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၅၆၅၀**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ ကွင်း / အကွက်အမှတ် (၂၈ / သုမင်္ဂလာ)၊ ဦးပိုင်အမှတ် ( ၁၅၇ - ခ )၊ မြေဧရိယာ ၀ ဒသမ ၁၀၈ ဧကရှိမြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်လှဲ့လှဲ့ဝင်း ၉/မမန (နိုင်)၀၁၉၉၈၀၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ပြင်ဦးလွင်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်မြင့် B.Sc(For,)1959
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာန
### အသက်(၉၀)နှစ်

ဒုတိယ ဗိုလ်ချုပ်ကြီး ညိုစော၏ ဖခင် ဖြစ်သူ ဦးကျော်မြင့် အသက်(၉၀)နှစ်သည် ၇-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် အရာထမ်း/အမှုထမ်းများ**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်မြင့်B.Sc(For,)1959
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာန
### အသက်(၉၀)နှစ်

မြန်မာနိုင်ငံသစ်တောကျောင်း သစ်တောဦးစီးဌာနနှင့် ကထိက သစ်တောပညာဌာန၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် တို့တွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဦးကျော်မြင့် အသက်(၉၀)နှစ်သည် ၇-၅-၂၀၂၃ရက် နံနက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ**
**သစ်တောဦးစီးဌာန**

## ဒေါ်အေးခင်(မာန်အောင်)
### ကျန်းမာရေးဆရာမ(ငြိမ်း)၊ ဗဟိုအမျိုးသမီးဆေးရုံ
### အသက်(၈၁)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ဦးဥတ္တမလမ်း၊ ကမ်းနားရပ်ကွက်နေ (ဦးထွန်းမြညို-ဒေါ်မကြီး)တို့၏သမီး၊ (ဦးငွေသိန်း)၊ (ဦးအေးမောင်)-ဒေါ်ခင်အေးကြည်၊ (ဒေါ်အေးမယ်)တို့၏တူမ၊ (ဒေါ်အေးတင်)၏ညီမ၊ ဦးလှရွှေ-ဒေါ်ခင် ရွှေ၊ ဦးဘညွန့်-ဒေါ်ခင်ခင်သိန်း၊ ဒေါ်တင်တင်သိန်းတို့၏အစ်မ၊ ဦးသန်းလှိုင်-ဒေါ်ခင်သီတာဝမ်း၊ ဦးသိန်းဝင်းညွန့်၊ ဦးချစ်စိန်-ဒေါ်ဖြိုးသိင်္ဂီ၊ (ဦးအေးကျော်)-ဒေါ်တင်ဝင်းခိုင်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏ အဘွားလေးသည် ၈-၅-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၁၂နာရီတွင်မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရတနာသင်္ခ လမ်း၊ ကေရာဇ်ရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၃ရက် (ဗုဒ္ဓ ဟူးနေ့) ညနေ ၃နာရီတွင် ထောက်ကြန့်မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်ရန်အခွင့်အရေးရှိပါက ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀) ရပ်ကွက်၊ စောခွန်ရစ်လမ်း(ခ)ဒူးယားလမ်း၊ မြေကွက်အမှတ် ၅၂၃ ဟုခေါ်တွင်သော မြေအလျားxအနံ (၄၀x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်အေးမြင့်ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးချစ်လှိုင် ၁၂/ဗဟန(နိုင်)၀၃၅၉၅၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထက်ထက်အောင် ၁၂/ဥကတ(နိုင်)၁၅၃၉၁၂ က အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်ဝင်းဟန်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၂၉၆၃)
ဖုန်း-၀၉-၄၀၁၅၃၄၂၉၆

## ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ ဦးတင်ငွေ-ဒေါ်လှမြေး အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ရှိ (၈)ထပ်တိုက် အဆောက်အအုံ၏ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၂၁၄)၊ ၇-လွှာ၊ ၆-ထပ်၊ အကျယ်အဝန်း (၁၃၅၀) စတုရန်းပေ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို အရောင်းအဝယ်ကတိစာချုပ်များအရ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်ငွေ ၁၂/မဂတ(နိုင်) ၀၇၃၄၁၈နှင့် ဒေါ်လှမြေး ၁၀/မလမ(နိုင်) ၁၁၈၅၆၃ တို့၏ ကိုယ်စားသမီးဖြစ်သူ ဒေါ်ခင်မြတ်ရွှေ ၁၂/မဂတ(နိုင်) ၀၇၈၈၀၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲခေါင် ၁၂/မရတ(နိုင်) ၁၂၄၅၆၅ နှင့် ဒေါ်နှင်းထက်တင့် ၁၂/တမန (နိုင်) ၁၀၈၅၉၂တို့သည် နှစ်ဦးသဘောတူ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်အရ ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲခေါင်နှင့် ဒေါ်နှင်းထက်တင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးရဲအောင်နိုင်ထူး | ဒေါ်ဖြိုးပိုပို |
| LL.B,WIPO(Switzerland) | LL.B,WIPO(Switzerland) |
| အထက်တန်းရှေ့နေ(စဉ်-၃၃၀၄၆) | အထက်တန်းရှေ့နေ(စဉ်-၅၄၁၆၈) |

ဖုန်း-၀၉-၇၉၁၆၈၆၃၃၄၊ ၀၉-၄၅၀၀၄၅၁၈၇

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညို
### အသက်(၉၉)နှစ်

သမဝါယမ နှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်း အတွင်းဝန် ဦးကျော်ဒွန်း-ဒေါ်မိုးမိုးဆန်း၏ မိခင်ကြီး ဒေါ်ညိုသည် ၈-၅-၂၀၂၃ရက်(တနင်္လာနေ့) နံနက် ၆:၁၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊**
**ဝန်ထမ်းများနှင့် မိသားစုများ**

## ဦးဉာဏ်ဝင်း
### ဝင်းရတနာခန်းမ အလှူရှင်
### မကွေးဒီကရီကောလိပ်၊ ပထဝီဝင်(၁၉၇၁-၁၉၇၅)
### အသက်(၇၁)နှစ်

ရေနံချောင်းမြို့၊ တွင်းကုန်ရပ်နေ ဦးညို-ဒေါ်သောင်းကြည်တို့၏သား၊ ဒေါ်နုလေးဆွေ၏ ခင်ပွန်း၊ (ဉာဏ်မျိုးဝင်း)၊ ဉာဏ်စိုးဝင်း၊ သီဟဉာဏ်ဝင်းတို့၏ဖခင်သည် ၇-၅-၂၀၂၃ရက်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်၊ အမှတ်(၈၂/၁၃) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၂၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး အရိုးအိုးအား တွင်းကုန်သုသာန်၌ ဂူသွင်းမြှုပ်နှံပါမည်။

**ကျန်ရစ်သူမိသားစု**

## ဦးဉာဏ်ဝင်း
### ဗိုလ်ချုပ်ဈေး၊ အရှေ့ဒီရုံ(၁၀၃)
### (စံချိန်ခွင်)
### ဗိုလ်ချုပ်ဈေး၊ စိန်ကုန်သည်
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်၊ အမှတ်(၈၂/၁၃) နေ ဒေါ်နုလေးဆွေ၏ခင်ပွန်း၊ (ဉာဏ်မျိုးဝင်း)၊ ညဏ်စိုးဝင်း၊ သီဟဉာဏ်ဝင်းတို့၏မွေးသဖခင်သည် ၇-၅-၂၀၂၃ရက်(တနင်္ဂနွေနေ့) ည ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၂၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကား များ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ဝေသက် (Shirley)
### B.E com, စီးပွားရေးတက္ကသိုလ်၊
### စိန်ဂျွန်းကွန်ဗင့်ကျောင်းသူဟောင်း
### အသက် (၇၀) နှစ်

အမှတ် $R_1$-102၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ ဟုမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါက်တာဦးခင်ဇော်လွင် ၏ဇနီး၊ ပဲခူးမြို့နေ (ဦးကျော်စိန်-ဒေါ်အေးစိန်)တို့၏သမီး၊ ဦးသန်းလွင်-ဒေါ်စိန်စိန် တို့၏ ချွေးမ၊ (ဦးစိုးသက်)-ဒေါ်လှလှဝင်း၊ ဦးအောင်သက်-ဒေါ်ခင်မြတ်မွန်၊ ဦးသက်ဝင်း-ဒေါ်ခင်ဆွေသက်၊ ဦးဇော်ဝင်း-ဒေါ်မေအုန်းသက် တို့၏ ညီမ၊ ဦးခင်သက်-ဒေါ်စိုးစိုးရီ၊ (ဦးသက်လွင်)-ဒေါ်မေခင်သက်၊ ဦးယဉ်ထွေးသက်-ဒေါ်နန်းအမရာတို့၏အစ်မ၊ (မောင်ဉာဏ်ဇော်) ၏မိခင် ဒေါ်ခင်ဝေသက် (Shirley) သည် ၈-၅-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၅:၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၂၃ရက်(အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်တွင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိရှိစေရန် အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၇:၀၀ နာရီမှ ၁၀:၀၀ နာရီထိ အထက်ပါနေအိမ်၌ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/2654 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၉၃၁၈, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲရင့်အောင် ၆/ပလန(နိုင်)၁၁၆၇၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဝယ/၈၀၃၅၁, Honda Wave AFS 100 , M/Cယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော် ၆/ကစန(နိုင်)၀၉၃၈၂၂ က(ကမ-၃) ပျောက်ဆုံး ၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ၁၈/၆ ရပ်ကွက်၊ ပုလဲရတနာလမ်း၊အမှတ် ၄၈၅နေ (ဦးစိန်ဝင်း)၏ဇနီး၊ ဦးအောင်မိုး-ဒေါ်ဆွေဆွေဝင်း၊ ဦးသိန်းစိုးဝင်း(ခ) စိုးကြီး-ဒေါ်မျိုးမျိုးဝင်းတို့၏မိခင်ကြီး၊ မအိနေခြည်ဦး၏ အဘွား သည် ၇-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့)နံနက် ၄နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၉-၅-၂၀၂၃ ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကျီစု သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၁၃-၅-၂၀၂၃ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်သူမြင့်စိုး
### အသက်(၄၅)နှစ်

မန္တလေးမြို့တော်ဝန်(ဦးစံရွှေ-ဒေါ်မြသိန်း)တို့၏မြေး၊ ကသာမြို့၊ ဖူးကား ကိုယ်စားလှယ်ကြီး (ဦးရွှေမင်း-ဒေါ်မကြီး)၊ ဒေါ်မြကြည်-ဒေါ်ညွန့်ညွန့်(မီးရထား)၊ ဦးညွန့်လွင်-ဒေါ်လှလှတို့၏မြေးဦး၊ ရန်ကုန်မြို့၊ ဘောက်ထော်အရှေ့ဖြာ၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အိမ်အမှတ်(၁၅)နေ(Captain ဦးမြင့်စိုး)(မြန်မာ့ကြယ်ငါးပွင့်-ငြိမ်း)-ဒေါ်ချိုချိုလွင်တို့၏တစ်ဦးတည်းသောသား၊ ဒေါ် စောသန္တာ၊ ဒေါ်နန့်မေသူရိန်တို့၏ချစ်လှစွာသောခင်ပွန်း၊ မောင်စံသီဟမြင့်စိုး၊ မောင်အောင်သိမ်းပိုက်မြင့်စိုး၊ မောင်ကောင်းဆုမြင့်စိုး၊ မကြည်ညွန့်သာ (ခ) မမေသီရိမြင့်စိုးတို့၏ ကျေးဇူးရှင်ဖခင် ဦးအောင်သူမြင့်စိုး သည် ၄-၅-၂၀၂၃ရက် (ကြာသပတေးနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## မောင်ခွန်ဝေထက်အောင်(ခ)ရန်အောင်
### Final Part(2)M.B,B.S ဆေးတက္ကသိုလ်(၁) ရန်ကုန်
### အသက်(၂၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၄)၊ ရွှေနှင်းဆီရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်နှင့် ကရင်ပြည်နယ်၊ ဘားအံမြို့၊ အိန္ဒုစုံပြကျေးရွာနေ (ဦးစိုးတင်-ဒေါ်တင်ရွှေ)၊(ဦးစောဖထွေး)-ဒေါ်နှင်းနှင်းရီ တို့၏မြေး ဦးခင်ဇော်၊ ဒေါ်ခင်ကြည်တို့၏ချစ်လှစွာသော သား၊ မနန်းနွဲ့ယဉ်အေး၏မောင်၊ မောင်စောနိုဝင်ဘာ၏အစ်ကိုသည် ၃-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ၁၂:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၂၃ရက် မြန်မာစံတော်ချိန် ညနေ ၆နာရီတွင် စင်ကာပူနိုင်ငံ၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၆:၀၀နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကုန်းကျေးရွာအုပ်စု၊ ဦးတင်မောင်ဝင်း အမည်ပေါက် ပိုင်ဆိုင်သော ကွင်းအမှတ် (၁၀၂၉)(ခ) လုပ်ပိုင်ခွင့်အမှတ်(၂၁-က)လယ်မြေဧက(၉ဒသမ၅၀)မြေစာရင်းပုံစံ (၁၀၅)စာရွက်မူရင်းမှာ ပျောက်ဆုံးသွားပါသောကြောင့် လှည်းကူးမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီနှင့် မြေစာရင်းဌာနတို့တွင် ဥပဒေနှင့်အညီ မိတ္တူမှန် ပြန်လည်လျှောက်ထားပြီးဖြစ်ပါသောကြောင့် အထက်ဖော်ပြပါ လယ်ယာမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ သက်ဆိုင်ခွင့်ရှိသည်ဟု ယုံကြည်ရသူများရှိခဲ့ပါက မိမိ၏သက်ဆိုင်ရာ အထောက်အထားများနှင့်တကွ သက်ဆိုင်ရာလှည်းကူးမြို့နယ် လယ်ယာမြေစီစစ်ရေးကော်မတီထံသို့လည်းကောင်း မြို့နယ်မြေစာရင်း ဌာနသို့လည်းကောင်း(၁၀) ရက်အတွင်း မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိ၏ တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခံရသူဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားကြေညာ အပ်ပါသည်။ **သမီး-ဒေါ်သီတာဝင်း ၁၂/လကန(နိုင်) ၀၅၅၉၇၅**
**ဖုန်း-၀၉-၇၉၅၆၅၅၉၅၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7N/4125,YUTO-NG , MINI BUS(4X2)L ယာဉ်လက်ဝယ်ရှိသူ Kadar Khin Company Limited က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ပတ်စပို့ပျောက်

မကွေးတိုင်းဒေသကြီး၊တောင်တွင်းမြို့နယ်၊ ကုက္ကိုကုန်းအုပ်စု၊ ကုက္ကိုကုန်းဘူတာရွာနေ မခင်နှင်းယု (ဘ) ဦးသန့်ရှင်း၊ မှတ်ပုံတင်အမှတ် ၈/တတက(နိုင်)၁၅၀၁၇၄ ကိုင်ဆောင်သူ၏ ပတ်စပို့နံပါတ် အမှတ်(MD 506406) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၄၄၅၄၈၆၃၇၂**

## အမည်ပြောင်း

မိတ္ထီလာမြို့၊ မဟာစည်ရပ်ကွက်နေ ဦးအောင်အောင်ကျော် ၉/သစန(နိုင်)၀၀၅၅၇၁ ၏ သမီး၊ အထက-ချည်စက် Grade-5(B) မှ မရွှန်းလဲ့ဝတီအား မဆုမြတ်နိုးမေ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## သင့်သွေးဖြင့်
## အသက်ကယ်ပါ

❖ ရရှိပြီးသော လွတ်လပ်ရေး တည်တံ့ခိုင်မြဲစေရေးအတွက် ပြည်တွင်းပြည်ပ အဖျက်အမှောင့်များ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် သတိကြီးစွာ ကာကွယ်ကြရမည်ဖြစ်ပါသည်။ ထို့အပြင် ဒို့တာဝန်အရေး ၃ ပါးကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အစဉ်နှလုံးသွင်းလျက် စစ်မှန်၍ စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြရမည်ဖြစ်သည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။




Linking Event–3 အမျိုးသား+အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မြန်မာခြင်းလုံးအသင်း ယှဉ်ပြိုင်နေစဉ်။

## မြန်မာခြင်းလုံးအသင်း ရွှေတစ်ခုအပါအဝင် ဆုတံဆိပ်သုံးခု ထပ်မံဆွတ်ခူးရရှိ

ရန်ကုန် မေ ၈

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းခြင်းလုံးပြိုင်ပွဲကို မေ ၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာခြင်းလုံးအသင်းက ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

မြန်မာခြင်းလုံးအသင်းသည် မေ ၇ ရက်ပွဲစဉ်များတွင် ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခုရရှိထားရာ မေ ၈ ရက်ပွဲစဉ်များအပြီးထိ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခု ရရှိထားသည်။ မြန်မာခြင်းလုံးအသင်းသည် မေ ၈ ရက်တွင်

စာမျက်နှာ ၁၅ ကော်လံ ၅ ❖

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

### မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးနိုင်

နေပြည်တော် မေ ၈

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး မေ ၉ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ မေ ၁၀ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် ကနဦးတွင် မြောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး မေ ၁၁ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းသို့ရောက်ရှိကာ ထိုမှတစ်ဆင့် မြောက်–အရှေ့မြောက်ဘက်သို့ ကွေ့ကာ ဘင်္ဂလားဒေ့ရှ်–မြန်မာကမ်းရိုးတန်းသို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

သို့ဖြစ်ပါ၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မေ ၉ ရက်မှ ၁၄ ရက်အတွင်း မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၇၀ မှ မိုင် ၈၀ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊

စာမျက်နှာ ၁၁ ကော်လံ ၁ ❍

### ယနေ့ သတင်းအညွှန်း

ဆိုင်ကလုန်းမုန်တိုင်း မိုးရွာသွန်းမှုကြောင့် နွေစပါးနှင့် နွေသီးနှံများ ထိခိုက်ပျက်စီးမှု မရှိစေရေး လိုက်နာဆောင်ရွက်ရန် နှိုးဆော်ချက်
ပြည်တွင်းသတင်း စာ ၁၁

သီရိလင်္ကာမိုးလေဝသဌာန ဆိုင်ကလုန်းမုန်တိုင်း သတိပေးချက် ထုတ်ပြန်
နိုင်ငံတကာသတင်း စာ ၁၃

ဆီးဂိမ်း Kun Bokator ပြိုင်ပွဲပြီးဆုံး မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ် ခြောက်ခု ဆွတ်ခူးရရှိ
အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ စာ ၁၅

